www.burmeseclassic.com

စံလှ-စာပေ



မောင်စံပေါ်
နှင့်
မမြမေ

ကျေးဇူးတင်ပါသည်။

BURMESE CLASSIC .com

# အချစ်ကံကြမ္မာဖြစ်ရပ်ဆန်းများ

သုတေသီ ဘုန်းမြင့်သွေး

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံတော်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — နိုင်ငံ့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး — နိုင်ငံ့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံ့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသား အားလုံး၏ တာဝန်ဖြစ်သည်။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# အချစ်ကံ့ကြမ္မာ ဖြစ်ရပ်ဆန်းများ

သုတေသီဘုန်းမြင့်သွေး

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၉၇၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၆၈၁၂၁၀

၂၀၁၁ ခုနှစ်၊ ပထမအကြိမ် စက်တင်ဘာလ

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ
စံလှစာပေတိုက်၊ ဒေါ်မြမြကြွေ
အမှတ် ၁၈၀၊ ၂၉ လမ်း၊ ရန်ကုန်။

ပုံနှိပ်သူ
ပင်မြင့်မာလာပုံနှိပ်တိုက်
အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့မှ ရိုက်နှိပ်သည်။

ဖြန့်ချိရေး
ပင်မြင့်မာလာစာပေတိုက်
အမှတ် ၂၄၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း - ၀၁ - ၂၉၂၂၁၈

၈၉၅.၈၃

ဘုန်းမြင့်သွေး၊ သုတေသီ
အချစ်ကံကြမ္မာဖြစ်ရပ်ဆန်းများ/ သုတေသီဘုန်းမြင့်သွေး။
- ရန်ကုန်
စံလှစာပေ ၊ ၂၀၁၀ ။
၂၉၀ - စာ၊ ၁၂.၅ × ၁၇.၅ စင်တီ။
(၁) အချစ်ကံကြမ္မာဖြစ်ရပ်ဆန်းများ

# မာတိကာ


| | | |
|---|---|---|
| ၁။ | မင်္ဂလာဦးည ရင်ခုန်သံ | ၁၃ |
| ၂။ | ချစ်ခရီးလမ်း တစ်နေရာ | ၁၉ |
| ၃။ | ပြောင်းလဲသွားတဲ့ ကံကြမ္မာ | ၂၃ |
| ၄။ | အချစ်ကံခေလွန်းသူမို့ | ၂၉ |
| ၅။ | အချစ်နှင့်တွေ့ဆုံခြင်း | ၃၅ |
| ၆။ | ဆုံးမခံရသော အချစ်ဆိုး | ၄၃ |
| ၇။ | အချစ် ထမင်းဟင်း | ၄၉ |
| ၈။ | ရေးရေစက်ကြောင့်ထင်၏ | ၅၅ |
| ၉။ | အချစ်နှင့် သစ္စာ | ၆၁ |
| ၁၀။ | အချစ်ကိုဖန်တီးသော်လည်း | ၆၇ |
| ၁၁။ | နဖူးစာရွာလည် | ၇၃ |
| ၁၂။ | ငယ်ကကျွမ်းတဲ့ ငယ်ကျွမ်းဆွေ | ၇၉ |
| ၁၃။ | ဦးဖိုးပြုံးနှင့် လုံးတွင်းမ | ၈၃ |
| ၁၄။ | မောင်မျိုးလင်းနှင့် အန်တီသိန်း | ၇၇ |
| ၁၅။ | ပြန်ရဦးမယ် မေရီ | ၈၁ |
| ၁၆။ | နောက်တော့ ချစ်သွားတဲ့ နီနီမာ | ၈၇ |
| ၁၇။ | အသေမဦးမီ ညာက်ဦးအောင် | ၉၃ |
| ၁၈။ | အချစ်သူရဲကောင်း | ၉၇ |


www.burmeseclassic.com

www.burmeseclassic.com



အချစ်အမှာစာစု

လောကမှာ . . . ပြောပြစရာ၊ အဖြစ်မှန်၊ အချစ်ကံနှင့် ကံဇာတ်အကျိုး ဇာတ်လမ်းမျိုးတွေ စုစည်းတင်ပြထားခြင်း ဖြစ်ပါတယ်။

မယုံချင်စရာ ပုံပြင်ပမာတွေလည်း ပါတယ်။ ယုံထိုက်လို့ ယုံလိုက်ရမယ့် ဇာတ်လမ်း၊ မှတ်တမ်းတွေလည်း ပါတယ်။

"ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ" ဆိုသလို ငယ်ချစ်ဦးနဲ့ တကယ့်အဖြစ်ထူးခဲ့တာတွေလည်း ပါပါတယ်။

ပြောမယ့် ကြုံဖူးမှသိဆိုသလို ကြုံဖူး၊ ဆုံဖူးလို့ . . .၊ ပြောပြလို့ . . . သိရတဲ့ ဇာတ်လမ်းတွေဟာ သံဝေဂရစရာ . . .၊ လွမ်းမောစရာ . . .၊ သင်ခန်းစာယူစရာတွေလည်း ပါရှိနေလေရဲ့ . . .။

အဖြစ်မှန်၊ အချစ်ကံခေသူတွေရဲ့ ကံကြမ္မာ ဖြစ်ရပ်ဆန်းများဟာ မှောင်မိုက်မည်းတဲ့ ညရဲ့အမှောင်ထုနဲ့ ထူလှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယုံလို့ ပုံပြီး ဒုက္ခတွေ စုကြုံရတဲ့ မိန်းကလေးများအဖြစ် ကတော့ မှတ်သားစရာကောင်းပြီး ပြတ်သားစွာ သတိထားရမှာ ဖြစ်ပါတယ်။

အက္ခရာ ဂဏန်းမှာတော့ တစ် – ပြီးရင် သုံး – မလာပါဘူး။ လူ့လောကမှာတော့ ချစ်ပြီးရင်လည်း မုန်းတတ်ပါတယ်။ အချို့က မုန်းပြီးမှ ချစ်တတ်ပြန်ပါတယ်။

အချစ်ကံနှင့် ကံ၏ အကျိုးက အဆိုးတွေချည်းပဲတော့ မဟုတ်ပါဘူး။ အကျိုးပေးမှာ တစ်မျိုးကလေးတွေနဲ့ အဆိုးဝေးတဲ့ သူတွေလည်း ရှိပါတယ်။

အချစ်ကံ မ,လို့ ဟန်ကျပြီး ဘဝမာန်လှတဲ့သူတွေ လည်း ရှိပါတယ်။

"သစ္စာမရှိရင် မျက်နှာမကြည့်ချင်" တဲ့အတွက် ကျော နိုင်းထွက်ခွာ ဥပေက္ခာပြုတဲ့ အချစ်ရှုံးသမား . . .၊ အပြစ်နဲ့မုန်းသွား ကြတဲ့ လူတွေလည်း ပါမြန်ပါတယ်။

လူ့ဘဝမှာ အချစ်ဆိုတာ မရှိမဖြစ်တဲ့ အရာတစ်မျိုးပါ။

- အချို့က အချစ်ကို အနိုင်ယူတယ်။
- အချို့က အချစ်ကို အရှုံးပေးတယ်။



- အချို့က အချစ်ကို ဥပေက္ခာပြုတယ်။
- အချို့က အချစ်ကြောင့် ဘဝတက်တယ်။
- အချို့က အချစ်ကြောင့် ဘဝပျက်တယ်။

- အကြောင်းအကျိုး အကောင်းအဆိုးတွေဟာ တစ် ယောက်တစ်မျိုး ပြောင်းလဲ ဖြစ်ပျက်နေတယ်။

အချစ်အပ်ချည်မျှင်ကြိုးကလေး ချည်ထုံးဖွဲ့မိရင် သံကြိုး ထက်တောင် ခိုင်ပါတယ်။ ဘယ်လိုမှ မပြတ်တော့ပါဘူး။

အချစ်ဆိုတာ ဒုက္ခကိုလည်း မသိ၊ နေ့ကိုလည်း မသိ၊ မိုးကိုလည်း မသိ၊ ဆောင်းကိုလည်း မသိပါဘူး။ အချို့အချစ်က တစ်လောကလုံးကိုတောင် မေ့ထားပါတယ်။

- အချစ်က အရာရာကို ခံနိုင်ရည်ရှိတယ်။ ဒါပေမယ့် အချစ်က မောဟကြီးသလို ဒေါသလည်း ကြီးတယ်၊ လောဘလည်း ကြီးတယ်။
- အချစ်က စေခိုင်းလာပြီဆိုရင်တော့ ဆွေမျိုးကို လည်း မထောက်ဘူး၊ သေမျိုးကိုလည်း မကြောက် တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ သတ္တိအင်အားကို ပေးတယ်။ အချစ်က လမ်းလျှောက်နိုင်းရင် ဝေးကွာတဲ့ မိုင်ပေါင်းများစွာဟာ နီးနီးလေးပါပဲ။ အချစ်ဟာ မသွားရမယ့်လမ်းကိုလည်း ဒုက္ခများစွာပိုက်ပြီး သွားတာပါပဲ။

အချစ်က ပန်းလိုနုတဲ့အခါ နု၊ ရေလိုအေးတဲ့အခါ အေးပြီး၊ ကျောက်ခဲလို မာတဲ့အခါ မာ၊ မီးလိုပူတဲ့အခါ ပူပါတယ်။

အချစ်ကို ဖုံးဖိသိုဝှက်လို့ မရပါဘူး။

- အချစ်က ရာသီဥတုလိုပဲ ယုံလို့မရပါဘူး။
- အချစ်ကို လွယ်လွယ်ကူကူနှင့် စဉ်းစား၊ လွယ်လွယ်ကူကူနှင့် ဆုံးဖြတ်ပြီး ဖြေရှင်းကြတဲ့အတွက် သာယာတဲ့ . . . ဘဝ တည်ဆောက်ရေးတွေ ပျက်သွားတတ်ကြပါတယ်။

ပေါ့ပေါ့လောလော အရမ်းချစ်တတ်ရင် အချစ်ဆိုတာကို သေဆုံးတာမြန်တယ်။

အချစ်ဆိုတဲ့ အပူဟာ ဘယ်အပူနဲ့မှ မတူပါဘူး။ မီးလောင်တာကို ရေနဲ့ ငြိမ်းလို့ရပေမယ့် အချစ်လောင်နေရင် အငြိမ်းရ အခက်ကို ခက်ပါတယ်။



အရှုံးအမှုး အချစ်ပူ ပူနေခြင်းက စောစောစီးစီး ပျက်စီးတာပါပဲ။

အချစ်စိတ်ကို ဆုံးမစကားနှင့် အလွန်ထိန်းသိမ်းရ ခက်လှပါတယ်။

လောကမှာ အချစ်တရား တစ်ခုတည်းရှိသည် မဟုတ်၊ အမုန်းတရားလည်း ထင်ထင်ရှားရှားရှိနေတယ်။

အချစ်နောက်မှာ အမုန်းလိုက်မလာနိုင်ဘူးလို့ ပြောလို့မရဘူး။ အချစ်ပြီးတော့ အချစ် ဖြစ်နေနိုင်ရင်ကောင်းပေမယ့် အချစ်ပြီးတော့ အမုန်းဆိုရင် ဘဝ မသက်သာဘူး။

### ဇွေးခေါ်ရှင် ရှိတ်စပီးယားက ဆိုတယ် . . .

အချစ်မှာ မျက်စိမရှိဘူး။ ချစ်သူတွေဟာ သူတို့ကိုယ်တိုင်ကျူးလွန်တဲ့ မိုက်မဲသူတွေကို မမြင်ကြဘူးတဲ့။

### ဂျာမန်စကားပုံကတော့ . . .

အချစ်က မျက်စိကို တိမ်သလ္လာဖုံးကွယ်စေတယ်လို့ . . . ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မဟာတ္တမဂန္ထိကြီးကတော့ . . .**

ချစ်ခြင်းရှိလေရာတွင် ဘဝ ရှိတယ်။ မုန်းခြင်းကတော့ ဖျက်ဆီးမှုကိုသာ ရှေ့ရှုပါတယ်တဲ့။

ဤစာအုပ်ပါ အချစ်ဇာတ်လမ်း၊ မှတ်တမ်းများ ဟာ စာရေးသူရဲ့ စိတ်ကူးယဉ်တွေ မဟုတ်ပါဘူး။

ဖြစ်ရပ်မှန် အချစ်မှတ်တမ်း၊ ဇာတ်လမ်းတွေ ဖြစ်ပါတယ်။ နာမည်နဲ့ မြို့ရွာများကို လွှဲပြောင်း ပြုစုရေးသားထားပါတယ်။

လောကမှာ ပြောကြတာတွေ . . . ကြားရတဲ့ အဖြစ်သနစ်တွေ၊ မြင်တွေ့ရတဲ့အကြောင်းတွေ ပြန်ပြောင်း အမှတ်ရတင်ပြခြင်းဖြစ်ပါတယ်။ အချစ်သုတေသီလုပ်ထားတာတွေပါလို့ ဆိုရမှာ ဖြစ်ပါတော့တယ်။

စာဖတ်ပရိသတ်ကိုလေးစားစွာ
ကြိုးစားလျက် . . .
သုတေသီဘုန်းမြင့်ဓသွး

# မင်္ဂလာဦးည ရင်ခုန်သံ

မောင်မောင်မျိုး (B.Sc)
နှင့်
မခင်ကြည်စိုး

သူတို့နှစ်ယောက်အချစ်ဇာတ်လမ်းကလည်း မှတ်တမ်းတင်စရာပါပဲ။

မောင်မောင်မျိုးက ရန်ကုန်သား၊ မခင်ကြည်စိုးက မော်လမြိုင်သူ။

စပြီး မြင်ဖူးကြတာက တင်ထူးကြောင့်ဖြစ်တယ်။ တင်ထူးဆိုတာက မောင်မောင်မျိုးရဲ့ သူငယ်ချင်းတစ်ယောက်။ ကျောင်းနေဖက် အရင်းနှီးဆုံးသူငယ်ချင်း။

တင်ထူးက မော်လမြိုင်မှာဆွေမျိုးတွေရှိတယ်။ အဲသည်

www.burmeseclassic.com

www.burmeseclassic.com



တို့ အလည်သွားတယ်။ မောင်မောင်မျိုးကို အလည်ခေါ်သွားတယ်။

တင်ထူး ဆွေမျိုးအိမ်ဘေးမှာ မခင်ကြည်စိုးတို့ အိမ်ကလေးရှိတယ်။ အိမ်ကလေးက ကျူထရံကာ၊ ဓနိမိုး အိမ်ကလေး။ တင်ထူးဆွေမျိုးတွေအိမ်က နှစ်ထပ်တိုက်အိမ်ကြီး။

မခင်ကြည်စိုးတို့မိသားစုက ဆင်းရဲတယ်။ ဒါပေမယ့် ရိုးသားတယ်။ ဘာသာရေး ကိုင်းရှိုင်းတယ်။

မောင်မောင်မျိုးနဲ့ မခင်ကြည်စိုးတို့ မြင်ဖူးတာက နံနက်အစောကြီး ဝေလီဝေလင်းအချိန်။

မခင်ကြည်စိုးက ဘုရားပန်းကပ်ဖို့ နောက်ဖေးက စံပယ်ရုံမှာ ပန်းထအခူး။ ညှိသည် မောင်မောင်မျိုးက မျက်နှာ ထအသစ်၊ သည်လိုပဲ နေ့တိုင်းဆုံတယ်။

အချစ်ကို မျက်လုံးကစတယ်ဆိုတာ မှန်တယ်။ မောင်မောင်မျိုးဟာ စံပယ်ပန်းခူးနေတဲ့ မခင်ကြည်စိုးကို သိပ်လှတယ်လို့ အာရုံကျသွားတယ်။ ဒါပေမယ့် သိဖို့က အကြောင်းမရှိဘူး။

ညှိသည်မောင်မောင်မျိုးတစ်ယောက် မော်လမြိုင်မှာနေတဲ့ ဆယ့်တစ်ရက်မြောက်နေ့မှာတော့ အကြောင်းက ဖန်လာတယ်။ အဲသည်နေ့က မောင်မောင်မျိုး မော်လမြိုင်အပြန် လက်ဆောင်တွေ သွားဝယ်တာဖြစ်တယ်။



သဘော်ဆိပ်နားမှာ မခင်ကြည်စိုးမိခင်က ကွမ်းယာ၊ ဆေးလိပ်ဆိုင်ဖွင့်တယ်။ အဲသည်ကို မခင်ကြည်စိုးက ညစာထမင်းချိုင့်သွားအပို့မှာ တွေ့ကြတယ်။

နံနက်တိုင်း မျက်လုံးချင်းဆုံနေကျမို့ မောင်မောင်မျိုးနှုတ်က စကားပြောရဲတယ်။ မခင်ကြည်စိုးရဲ့ အကြည့်တွေကလည်း သံယောဇဉ်မျက်လုံးလိုလို ဖြစ်နေခဲ့တယ်လေ။

မောင်မောင်မျိုးက မနက်ဖြန် ရန်ကုန်ပြန်တော့မယ့်အကြောင်း ပြောတယ်။ ပြောချင်လွန်းလို့လည်း ဖြစ်တယ်။

တစ်ယောက်နာမည် တစ်ယောက် မသိကြသေးဘူး။ မျက်လုံးချင်းသိလို့ စကားရဲကြတာဖြစ်တယ်။

တင်ထူးရဲ့ အပို့အထောင်ကောင်းလို့ အဲသည်ညနေက မိတ်ဆက်ဖြစ်တယ်။ ကွမ်းယာဆိုင်ဘေးက အအေးဆိုင်မှာ မိတ်ဆုံစကားပြောဖြစ်ခဲ့တယ်။

မောင်မောင်မျိုးနဲ့ တင်ထူးတို့နှစ်ယောက် အဲသည်နေ့က သဘော်ဆိပ်မှာ တစ်ညနေလုံး အချိန်ဖြုန်းနေခဲ့ပြီး မခင်ကြည်စိုးတို့သားအမိ ဆိုင်ပိတ် အိမ်ပြန်မှပဲ သူတို့နောက်ကနေ အတူလိုက်ပြန်ကြတယ်။

သည်အဖြစ်ကတော့ အချစ်ခရီးအစပေါ့။

မောင်မောင်မျိုးက ခနဲ့ခနဲ့ကလေးရှောသလို မခင်

www.burmeseclassic.com

www.burmeseclassic.com



ကြည်စိုးတလည်း သန့်သန့်ကလေး ချောပါတယ်။ အသက်ကလည်း ရွယ်တူ။

မောင်မောင်မျိုးတစ်ယောက် ကျောင်းရက်ရှည်ပိတ်ပြီဆို မော်လမြိုင် ရောက်တယ်။ တင်ထူးမပါဘဲ တစ်ယောက်တည်းလည်းဆိုရင် သဘော်ဆိပ်နားက တည်းခိုခန်းမှာတည်းတယ်။

နွေတစ်ခေါက်၊ မိုးတစ်ခေါက်၊ ဆောင်းတစ်ခေါက် အကြိမ်ကြိမ်ရောက်ရင်း ချစ်သူတွေဖြစ်ခဲ့ကြတယ်။ မောင်မောင်မျိုးတစ်ယောက် မော်လမြိုင်ကနေ ရန်ကုန်ပြန်ပြီဆိုရင် နောက်တစ်နေ့မှာ မခင်ကြည်စိုးနေမကောင်းဖြစ်တာပဲ။ လွမ်းများလွမ်းနာကျတာလားတော့ မသိဘူး။

မခင်ကြည်စိုးဟာ ကျောင်းပညာ ကိုးတန်းသာတတ်ပေမယ့် ဗဟုသုတစာတွေ အဖတ်များလို့ အတွေးအခေါ်ကောင်းသူဖြစ်ပါတယ်။

မိဘက ကျောင်းဆက်မထားနိုင်လို့ ကျောင်းထွက်ရကတည်းက စာကြည့်တိုက်ဟာ သူ့ရဲ့ကျောင်းတော်ကြီးဖြစ်ခဲ့တယ်။ စာ သိပ်ဖတ်သူလေးပါပဲ။

မောင်မောင်မျိုး ကျောင်းပြီးတော့ မခင်ကြည်စိုးနဲ့ လက်ထပ်ပေးဖို့ မိဘများကို တင်ပြတယ်။

မိဘတွေက စုံစမ်းဖို့ မော်လမြိုင်ကိုလာတယ်။ မခင်ကြည်စိုးရဲ့မိဘများအခြေအနေကိုကြည့်ပြီး သဘောမတူချင်ကြ



ဘူး။ ရိုးသားပေမယ့် ဆင်းရဲလွန်းတာကို သဘောမကျကြဘူး။

အဲသည်နောက်မှာ သားကို မိန်းမတောင်းပေးဖို့ အင်တင်တင် လုပ်ကြတယ်။ သူတို့သဘောတူထားတဲ့မိန်းကလေးနဲ့ ဆွယ်တယ်။

"အလုပ်ရမှယူပါ"

"နောက်တစ်နှစ်မှ ယူပါ"

လို့ အကြောင်းအမျိုးမျိုးပြပြီး သူတို့လိုချင်ရာဘက်ကို ရောက်အောင် ဆွယ်တယ်။

မောင်မောင်မျိုးမိဘများက မခင်ကြည်စိုးဘက်ကို အဆက်အသွယ်ဖြတ်ဖို့ တိတ်တဆိတ် ငွေပေးပြီး ကြိုးပမ်းတယ်။ မက်လောက်အောင်ပေးတယ်။

မခင်ကြည်စိုးမိဘများက သမီးဆန္ဒအတိုင်း တိတ်တဆိတ်ပေးတဲ့ငွေကို လက်မခံကြဘူး။

သည်လိုနဲ့ ကျောင်းပြီးပြီး ခြောက်နှစ်ထိ ရောက်ခဲ့တယ်။ မောင်မောင်မျိုးက ရရာအလုပ်လုပ်ပြီး ငွေစုဆောင်းတယ်။ ဒုက္ခခံတယ်။ ထီပေါက်တဲ့သူငယ်ချင်း တင်ထူးက မောင်မောင်မျိုးကို မင်္ဂလာဆောင်ဖို့ ငွေထုတ်ပေးတယ်။

မောင်မောင်မျိုးမိဘတွေ မပါဘဲ ဦးလေးတစ်ယောက်နဲ့သာ မော်လမြိုင်သွားပြီး မျက်နှာငယ်နဲ့ မင်္ဂလာဆောင်ဖြစ်ခဲ့တယ်။ အချစ်သူ့ရဲ့ကောင်း ပီသခဲ့တယ်။ သစ္စာရှိခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည် ည . . .။

မင်္ဂလာဦး ည။

မင်္ဂလာဦးည သန့်ခေါင်ယံမှာ မောင်မောင်မျိုးတစ်ယောက် ဝမ်းနည်းကြေကွဲ မျက်ရည်မစဲနိုင်အောင် ဖြစ်ရတော့တယ်။

ကိုယ်ချစ်သူနဲ့ မင်္ဂလာဆောင်ရလို့ ပျော်ရွှင်နေတဲ့ မခင်ကြည်စိုးတစ်ယောက်ဟာ သန့်ခေါင်ယံမှာ နှလုံးရောဂါနဲ့ သေဆုံးသွားခဲ့တယ်လေ။

တစ်ချိန်က မောင်မောင်မျိုးတစ်ယောက် မော်လမြိုင်က ပြန်သွားတိုင်း နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲတတ်တာဟာ နှလုံးရောဂါကြောင့်ဆိုတာ မိဘများလည်း မသိဘူး။ မောင်မောင်မျိုးလည်း မသိဘူး။ သေဆုံးသူ မခင်ကြည်စိုးရော သိမှသိရဲ့လား မသိဘူး။

မင်္ဂလာဦးညရင်ခုန်သံဟာ သံစဉ်မရှည်ခဲ့ရှာဘူးလေ။

# ချစ်ခရီးလမ်းတစ်နေရာ

မောင်ဉာဏ (B.A)
နှင့်
တင်ပပလှိုင် (B.A)

သူတို့နှစ်ယောက်ကတော့ မြန်မာစာအဓိကကို တစ်နှစ်တည်း အတူရောက်ပြီး တစ်နှစ်တည်းပြီးကြတာပါ။

သူတို့နှစ်ယောက် တစ်မြို့တည်းနေ၊ တစ်ရေတည်းသောက်ပြီး အထက်တန်းကျောင်းတုန်းကလည်း ဆယ်တန်းကို တစ်နှစ်တည်း အတူအောင်ခဲ့တယ်။

စချစ်တာကတော့ ဘဏ္ဍာသိုလ်ရောက်ပြီး ဒုတိယနှစ်မှာ ဖြစ်တယ်။

တင်ပပလှိုင်ကို အင်္ဂလိပ်စာအဓိကက ဖြေသ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပတ်တာကို ဥက္ကာက မကြိုက်ဘူး။ ဖော်ထက်ကို တွေ့ပြီဆိုရင် ဥက္ကာ မျက်နှာသုန်မှုန်နေပြီ။

တင်ပပလှိုင်က တစ်နေ့မှာ "နင်နဲ့ဘာဆိုင်လို့လဲ" လို့ ဥက္ကာကို ပြောလိုက်တယ်။

အဲသည်လိုပြောတာကို ဥက္ကာဟာ ရင်ထဲမှာ အများကြီး ခံစားရတယ်၊ အဲသည်တော့မှပဲ သူဟာ တင်ပပလှိုင်ကို ရင်ထဲက ခံစားလောက်အောင် ချစ်မိနေမှန်းသိတော့တယ်။ ဥက္ကာ သိပ် ခံစားခဲ့ရပါတယ်။

တင်ပပလှိုင်က သည်လိုပြောရမလားဆိုပြီး ဒုတိယနှစ်မှာ ကျောင်းထွက်တော့မယ်လုပ်တယ်။ အဆောင်ကနေ ခွင့်ယူပြီး အိမ်ကို ခေတ္တပြန်သွားတယ်။

ကျောင်းပိတ်ရက်မှာ တင်ပပလှိုင်က မြို့ကို ပြန်ပြီး ဥက္ကာကို ရအောင်ခေါ်ယူရထယ်။

သည်လိုနဲ့ပဲ သူတို့နှစ်ယောက်ဟာ ချစ်သူတို့ဘဝ ရောက်ခဲ့တယ်။ အသည်းနှင့်အောင်ချစ်ကြတယ်။

မခွဲဘဲ တတွဲတွဲ တစ်နှစ်ပြီးတစ်နှစ် ကျောင်းတက်ကြတယ်။ တစ်ချစ်ပြီး တစ်ချစ် ချစ်ကြတယ်။

ကျောင်းပိတ်လို့ ပြန်လည်း အတူတူ ပြန်ကြတယ်။ တင်ပပလှိုင်က မြောင်းမြမြို့ပေါ်က၊ ဥက္ကာက မြောင်းမြမြို့တစ်ဖက် ကမ်းက ဖြစ်တယ်။



သူတို့နှစ်ယောက် ချစ်နေကြတာကို မိဘများလည်း သိတယ်။ သဘောလည်း တူထားကြတယ်။

သူတို့နှစ်ယောက်ဆုံးဖြတ်ချက်က ကျောင်းပြီးရင် အလုပ်ရှာကြမယ်။ အလုပ်တွေ နှစ်ယောက်စလုံးရပြီးရင် လက်ထပ်ကြမယ်။ ဘာပြဿနာမှလည်း မရှိဘူး။

တင်ပပလှိုင်က ဆွဲခန့်ကျောင်းဆရာမ ရအောင် ကြိုးစား ဆက်သွယ်ထားတယ်။

စတုတ္ထနှစ်ပြီးလို့ ကျောင်းအပိတ် အိမ်အပြန်မှာ သူတို့ နှစ်ယောက်ရဲ့ အချစ်ကံကြမ္မာက ဆိုးဝါးခဲ့တယ်။

အစကတော့ အစိုးရ ရက်မှန်သင်္ဘောနဲ့ပြန်မလို့ပဲ။ နောက်တော့ နေရာမရလို့ ပုဂ္ဂလိက ကြားသင်္ဘောနဲ့ပြန်ဖို့ စီစဉ်ကြတယ်။ ကျောင်းအပြီးမို့ သေတ္တာတွေ၊ အိပ်ရာလိပ်တွေ၊ အသုံးအဆောင်ပစ္စည်းတွေလည်း ပါတယ်။

ရန်ကုန်ကနေ သင်္ဘော စ,ထွက်ပြီး တွံတေးတူးမြောင်း အကျော်မှာ မိုးက စရွာတယ်။ နောက်တော့ လေပါပါလာတယ်။

သင်္ဘောက တရွေ့ရွေ့မောင်းလာလိုက်တာ လေပြင်းလာလို့ မအူပင်ကျော်ကျော်မှာ ကမ်းဘေးကို ခေတ္တကပ်ထားရတယ်။

လေငြိမ်ပြီထင်လို့ သင်္ဘောပြန်အထွက် မကြာခင်မှာပဲ လေပြင်းမုန်တိုင်းကြီး ကျလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်မှာ သဘော်မှောက်တယ်။ တင်ပပလှိုင်ရော ဥက္ကာပါ ရေကူးတတ်ပါတယ်။

ဒါပေမယ့် တင်ပပလှိုင်တစ်ယောက် ကမ်းပေါ်ထိ မရောက်ခဲ့ရှာဘူး။ လမ်းတစ်ဝက်မှာတင် ခြေကုန်လက်ပမ်းကျပြီး ရေနစ်ခဲ့ရှာတယ်။

မောင်ဥက္ကာတစ်ယောက် ချစ်သူကို စွန့်ပြီး မြောင်းမြကို ပြန်ခဲ့ရရှာတယ်။

အထက်တန်းကျောင်းလည်း အတူတူတက်၊ တက္ကသိုလ်လည်း အတူတူတက်ပြီး ကျောင်းပြီးခါမှ ချစ်ခရီးလမ်း ပျက်ခဲ့ရရှာတယ်လေ။



# ပြောင်းလဲသွားတဲ့ ကံကြမ္မာ

မောင်ကျော်ကျော်

နှင့်

သဇင်ကြူ

မောင်နန်းထိုက်နှင့် နီနီချစ်တို့၏ မင်္ဂလာပွဲမှာ သူတို့နှစ်ယောက် စတင်မြင်ဖူးကြခြင်းဖြစ်သည်။

အောင်ကျော်ကျော်က မောင်နန်းထိုက် သူငယ်ချင်း၊ မင်္ဂလာပွဲမှာ သူက သတို့သားအရန်။ သဇင်ကြူက နီနီချစ်အစ်မ ကြည်ကြည်ချစ်ရဲ့ သူငယ်ချင်း။ သူက မင်္ဂလာပွဲမှာ သတို့သမီးအရန်။

သူတို့နှစ်ယောက်ဟာ မြင်မြင်ချင်း အဲသည်နေ့မှာပဲ မိတ်ဆွေတွေ ဖြစ်ကြတယ်။ ချစ်တာ၊ ကြိုက်တာတို့ကတော့ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။

ဒုတိယအကြိမ် ဆုံစည်းတာကတော့ ပုသိမ်မော်တင်စွန်း ဘုရားပွဲကို သွားတာပါပဲ။ နီနီချစ်မိဘများက ဦးဆောင်ပြီး ဘုရားပွဲတော်သွားရာမှာ သူတို့နှစ်ယောက်လည်း ပါတယ်။

မော်တင်စွန်းဘုရားပွဲမှာ သုံးညနေတယ်။ သဘော်ပေါ်မှာက နှစ်ည။ ခရီးစဉ်က ငါးရက်ခရီးဖြစ်တယ်။

ကျော်ကျော်နဲ့ သခင်ကြူဟာ အဖော်များနဲ့အတူ ပင်လယ်ကမ်းစပ် ကျောက်ဆောင်ပေါ်မှာ စကားပြောကြတယ်။ ပျော်ရွှင်ကြည်နူးမှုနှင့်အတူ ရင်သိမ့်တုန်လှုပ်ရှားခဲ့ကြတယ်။ စိတ်လှုပ်ရှားမှု စခဲ့တယ်။

ဘုရားပွဲသွားအပြီး နောက်ခြောက်လအကြာမှာ နားလည်မှုရပြီးတဲ့ ချစ်သူဘဝရောက်ခဲ့ကြတယ်။

မောင်ကျော်ကျော်နဲ့ သဇင်ကြူဟာ နှစ်ယောက်စလုံး ဝန်ထမ်းတွေဖြစ်တယ်။ ကျော်ကျော်က ကျောင်းပြီးကတည်းက အလုပ်ဝင်ခဲ့လို့ လုပ်သက်သုံးနှစ်ရှိခဲ့ပြီ။ သခင်ကြူက လုပ်သက်တစ်နှစ်ကျော်ပဲရှိသေးတယ်။ သူတို့နှစ်ယောက်ဟာ ဌာနချင်း မတူကြဘူး။

သူတို့နှစ်ယောက်ဟာ ရုံးပိတ်ရက်ဆို အမြဲချိန်းတွေ့ကြတယ်။ ဘုရားသွားကြတယ်။ ပန်းခြံတစ်ခုခု သွားကြတယ်။ တစ်ခါတစ်ရံ သူငယ်ချင်းနီနီချစ်တို့အိမ်မှာ ဆုံပြီး ချက်ပြုတ်စားကြတယ်။



ဗီဒီယိုခွေ ငှားကြည့်ကြတယ်။

အလုပ်အကိုင်တွေရှိနေကြပေမယ့် မင်္ဂလာဆောင်ဖို့ ပိုက်ဆံမရှိဘူး။ မောင်ကျော်ကျော်ရဲ့မိဘများဘက်ကလည်း မတတ်နိုင်ဘူး။ မောင်ကျော်ကျော်ရဲ့ဖခင်က ကျန်းမာရေးမကောင်းလို့ ဆေးပင်စင်နဲ့ အစောကြီးအလုပ်နားခဲ့ရတယ်။

သဇင်ကြူရဲ့မိဘများဘက်ကလည်း ပြေပြေလည်လည် မရှိဘူး။ မင်္ဂလာပွဲအထိ လုပ်မပေးနိုင်ဘူး။

သည်လိုအခြေနေတွေရှိပေမယ့် သူတို့အချစ်ရေးက အဆင်ပြေခဲ့ပါတယ်။ ဘာအနှောင့်အယှက်မှ မတွေ့သေးဘူး။ မင်္ဂလာဆောင်မယူနိုင်သေးတာဘဲ ရှိတယ်။ သဇင်ကြူက ရုံးမှာ လက်မှတ်ထိုးပြီး ဘုန်းကြီးဆွမ်းကျွေးချင်တဲ့ ဆန္ဒရှိတယ်။ အကျဉ်းရုံးပြီး သူက လုပ်ချင်တယ်။ မောင်ကျော်ကျော်ကတော့ မင်္ဂလာဆောင်ဖို့ သူ ရအောင်ရှာမယ်ဆိုတဲ့ ဆုံးဖြတ်ချက် ရှိထားတယ်။

မောင်ကျော်ကျော်ဟာ အိမ်ထောင်ပြုရေးအတွက် အလုပ်ကို ကြိုးစားတယ်။ နေ့မှာ ဝန်ထမ်းလုပ်ပြီး ညဘက်မှာ ပုဂ္ဂလိကစက်ရုံတစ်ခုမှာ ဝင်လုပ်တယ်။ သူ့အိပ်ချိန်ဟာ နံနက်ငါးနာရီက ရှစ်နာရီအထိပဲ ရှိတယ်။ သုံးနာရီသာ အိပ်ချိန်ရခဲ့တယ်။

တစ်နှစ်ကျော် စုလာခဲ့တာ ငွေအတော်အတန် ရလာတယ်။ သဇင်ကြူ စုတဲ့ငွေနဲ့ပေါင်းရင် မနည်းတော့ဘူး။

နောက်တစ်နှစ် သည်အတိုင်း ဝင်ငွေရရင် မောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ကျော်နဲ့ သဇင်ကြူ အိမ်ထောင်ပြုနိုင်ပါပြီ။ မင်္ဂလာလည်း ဆောင်နိုင်ပြီ။ နေဖို့အိမ်လည်း ငှားနိုင်ပြီဖြစ်တယ်။

အချစ် ကံကြမ္မာ အလှည့်အပြောင်းက မောင်ကျော်ကျော် ကျန်းမာရေးပဲဖြစ်တယ်။

မောင်ကျော်ကျော်ဟာ တိုက်ဖွိုက်ရောဂါကို နှစ်ကြိမ်တိတိ ဖြစ်တယ်။

ဒုတိယအကြိမ် ပြင်းပြင်းထန်ထန် တိုက်ဖွိုက်ရောဂါဖြစ်အပြီးမှာ သူဟာ ဦးနှောက်ပျက်သွားတယ်။

စိတ်ရောဂါကုဆေးရုံတင်ရတဲ့အထိ ဖြစ်ခဲ့ရတယ်။ ပုံမှန်စိတ်မရတော့ဘူး။

စိတ်မှန်တဲ့အခါ မှန်လိုက်၊ ဖောက်ပြန်တဲ့အခါ ဖောက်ပြန်လိုက်နဲ့ တစ်နှစ်ပြီး တစ်နှစ် ကြာလာတယ်။

သဇင်ကြူက သစ္စာရှိပါတယ်။ ချစ်သူအပေါ် သစ္စာမဖောက်ပါဘူး။ တစ်နေ့ကောင်းလာနိုးနဲ့ စောင့်မျှော်တယ်။ ရောဂါကုဖို့အတွက်လည်း အမြဲရှာဖွေထောက်ပံ့ခဲ့တယ်။

အလုပ်အကိုင်မရှိတော့တဲ့၊ စိတ်ကျန်းမာရေး မကောင်းသူ မောင်ကျော်ကျော်ကို သဇင်ကြူရဲ့မိဘများကတော့ သဘောမတူချင်တော့ဘူး။

သဇင်ကြူဟာ ချစ်သူအတွက် ဆေးဖိုးနဲ့ အသုံးစရိတ်တွေ ရှာတယ်။ ဗေဒင်လက္ခဏာဆရာတွေနဲ့ တိုင်ပင်ပြီး ယတြာ၊



ဓာတ်ရိုက် ဓာတ်ဆင်တွေလည်း လုပ်ခဲ့တယ်။ အကြိမ်ကြိမ် လုပ်ရှာပါတယ်။

ဒါပေမယ့် မရခဲ့ရှာပါဘူး။

မောင်ကျော်ကျော်ဟာ အရူးဘဝနဲ့ လမ်းပေါ်လျှောက်သွားနေတာ ယခုဆို ဆယ်နှစ်ကျော်ခဲ့ပြီ။

သဇင်ကြူလည်း အပျိုကြီးဘဝနဲ့ ယခုဆို အသက်လေးဆယ်ပြည့်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ရခဲမှ ရတနာ

သိခဲမှ ပညာ

အချစ်ကြောင့် လူ့ဘဝဟာ စည်ပင်တယ်၊ ချမ်းမြေ့ဖွယ်ရှိတယ်၊ အဲသည်အတူ . . . အချစ်ကြောင့် ပျက်ပြုန်းရတယ်၊ ဆွေးမြည့်ကြေကွဲဖွယ်ဖြစ်ရတယ်။

ဒေါက်တာအဖြူး

ချစ်ခြင်းမေတ္တာက

အရာတော်များများကို ပြီးစီးစေနိုင်တယ်၊

ငွေက . . .

အရာရာကို ပြီးစီးစေတယ်၊

အင်္ဂလိပ်စကားပ

# အချစ်ကံခေလွန်းသူမို့

မောင်သောင်းစိန်

နှင့်

နနု

မောင်သောင်းစိန်က အညာသားဖြစ်တယ်။ သူ့ရဲ့အလုပ်က ပြောင်းရွှေ့ရလို့ ပုသိမ်မြို့ကို သူ ရောက်လာခဲ့တယ်။ ပုသိမ်ကို ရောက်တော့ သူ့အသက်က နှစ်ဆယ့်ရှစ်နှစ်ထဲ ရောက်နေပြီ။

လူပျိုလူလွတ်မို့ ရုံးရဲ့ ညစောင့်အိမ်မှာပဲ သူ ကပ်နေတယ်။ အဆင်ပြေတယ်။ ညစောင့်ကလည်း သူ့ကို ခင်တယ်။

နနုက ထမင်းဆိုင်ပိုင်ရှင်သမီး။ ဆယ်တန်းနှစ်နှစ်ကျပြီးပေမယ့် အပြင်က ဆက်ဖြေတယ်။

နနုမိဘများရဲ့ထမင်းဆိုင်က စေတနာထမင်းဆိုင်လို့ နာမည်ပေးထားသလို တကယ်လည်း စေတနာကောင်းတယ်၊ အပြောချိုသလို လက်လည်း မတိုဘူး။

www.burmeseclassic.com

www.burmeseclassic.com



မောင်သောင်းစိန်က ပုသိမ်ရောက်ရောက်ချင်းပဲ သူတို့ဆိုင်မှာ ထမင်းလာစားတယ်။ တစ်နေ့ နှစ်ကြိမ်စားဖူးရာက နနကိုမြင်ပြီး ထမင်းလာစားခဲ့တာ ဖြစ်တယ်။

မောင်သောင်းစိန်မျက်လုံးထဲမှာ နနဟာ သိပ်လှနေတယ်။ ညှိုရော နနလေးဟာ အပြောလည်းချိုတယ်။ ဆက်ဆံရေးမှာလည်း သိပ်ယဉ်ကျေးတယ်။

ရက်က လ၊ လက နှစ်တွေကြာလာတဲ့အခါ မောင်သောင်းစိန်ရင်ထဲမှာ အချစ်က ကြီးသည်ထက် ကြီးလာခဲ့တယ်။

နနကတော့ မောင်သောင်းစိန်ကို ခင် တယ်။ သူ့ကိုကြိုတ်ပိုးနေမှန်းလည်း သိတယ်။

ထမင်းလာစားရင် နနကို ကြိုတ်ပိုးနေသူတွေ အများကြီးရှိနေမှန်း မောင်သောင်းစိန် သိတယ်။ ဒါပေမယ့် ဖွင့်ပြောဖို့ကလည်း ဘယ်လိုဖွင့်ပြောရမှန်း မသိဘူး။

နနကို ပိုးနေတဲ့အထဲမှာ သူဌေးသား ဂျော်နီဆိုသူလည်း ပါတယ်။ ဂျော်နီမိဘက ဆီစက်ပိုင်တယ်။ မော်တော်နှစ်စင်းလည်း ပိုင်တယ်။

နနရဲ့မိဘများက ဂျော်နီကို သဘောကျတယ်။ နနကတော့ သဘောမကျဘူး။ ဖခင်ကလည်း သဘောမကျဘူး။

ဂျော်နီက ပိုက်ဆံချမ်းသာပြီး မိန်းမ ရှုပ်တယ်။ အရက်သောက်တယ်။ လောင်းကစားလည်း မလွတ်ဘူး။



နနဈေးဝယ်အသွားမှာ ဂျော်နီက ရည်းစားစကားလိုက်ပြောတယ်။ လူမြင်ကွင်းမို့ နနက ရှက်လို့ ငြိမ်နေတာကို ဂျော်နီက အခွင့်အရေးပေးတယ်ထင်သွားခဲ့တယ်။

အဲသည်နောက်တော့ နနဟာ မောင်သောင်းစိန်ကို အရေးပေးဆက်ဆံလာတယ်။ သိသိသာသာ အမူအရာပြတယ်။ နနစိတ်ထဲမှာ မောင်သောင်းစိန်ကို သံယောဇဉ်တွယ်နေပြီ၊ မောင်သောင်းစိန်ရဲ့ ရိုးသားမှုကို သူ တန်ဖိုးထားတယ်။

တစ်နေ့မှာ မောင်သောင်းစိန်ပေးတဲ့ စာတစ်စောင်ကို နန ရတယ်။ အဲသည် အချစ်တောင်းခံစာကို နနက တစ်လကျော်မှာပဲ အဖြေပေးလိုက်ပါတယ်။

မောင်သောင်းစိန်တစ်ယောက် မိုးမမြင် လေမမြင် ပျော်သွားတယ်။

ပျော်လို့မှမဝခင် ခက်တာကတော့ နနတို့ထမင်းဆိုင်မှာ အရက်ရောင်းတာပါပဲ။ ထမင်းနဲ့အတူ အရက်ပါတွဲရောင်းတယ်။

အရက်လိုင်စင်ကို ဂျော်နီက ငှားပေးတာဖြစ်တယ်။ လိုလာတဲ့အရင်းအနှီးလည်း ထုတ်ပေးတယ်။ ဖခင်က အစ ငြင်းပေမယ့် ဇနီးသည်ရဲ့ဆန္ဒကို မလွန်ဆန်နိုင်ခဲ့ဘူး။ သားသမီးတွေအတွက် စီးပွားရေးကရှိသေးတော့ လိုက်လျောလိုက်တယ်။ နနအပြင်မှာ ကျောင်းတက်နေတဲ့ သားသမီးလေးယောက်တ ရှိသေးတယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မောင်သောင်းစိန်ဟာ စိတ်ဒုက္ခအကြီးအကျယ် ရောက်ရတယ်။ အရက်ပါရောင်းတော့ ဂျော်နီတို့အုပ်စုက အမြဲဝင်ထွက်နေတယ်။

ထမင်းစားသွားတဲ့အချိန်မှာ ဂျော်နီတွေ့ရင် ထမင်းစားလို့ မဝင်တော့ဘူး။

နနကလည်း ဂျော်နီကို ရင်ထဲကမပါပေမယ့် ငွေမျက်နှာကြောင့် အထိုက်အလျောက် အရေးပေးနေရတော့တယ်။

ထပ်ပြီးခက်တာကတော့ နနတို့ထမင်းဆိုင်ကောင်စာအဖောက်ခံရတာ။ ရောင်းပြီးငွေတွေရော၊ ပေးစရာရှိလို့ သိမ်းထားတဲ့ငွေတွေရော ပါသွားတယ်။

အဲသည်မှာ ဂျော်နီက ကယ်တင်ရှင်ကြီးဖြစ်ရပြန်ပြီး နနမိဘများအပေါ် အကြွေးထပ်တင်တယ်။

နနက မောင်သောင်းစိန်ကို တကယ့်အချစ်စစ်နဲ့ ချစ်ပါတယ်။ နိုးရာလိုက်မယ်လို့တောင် ပြောဆိုဆုံးဖြတ်လိုက်တယ်။ မောင်သောင်းစိန် သဘောတစ်ခုပဲ။

နနဟာ ဂျော်နီကို ဘယ်လိုမှမယူနိုင်ပါဘူး။ ဒါပေမယ့် သူ့မိဘ စီးပွားရေးအခြေအနေက ဂျော်နီ့အပေါ်မှာပဲတည်နေတော့ ဂျော်နီက သူ့ကိုကြွေးနဲ့သိမ်းတော့မှာ သေချာနေပြီ၊ ခက်တာက မိခင်ဖြစ်သူက ဂျော်နီဘက် အရေးပေးနေတာပါပဲ။

မောင်သောင်းစိန်နဲ့ နနကို ဂျော်နီက မသင်္ကာတော့ဘူး။



တစ်နေ့မှာ ဂျော်နီ့တပည့်တစ်ယောက်က မောင်သောင်းစိန်နဲ့ နနကို ဘုရားမှာ စကားပြောနေတာတွေ့သွားခဲ့တယ်။ နနမှာ အခက်တွေ့တော့တယ်။

အဲသည်နောက်မှာ နနဟာ ဈေးဝယ်တောင်မသွားရဖြစ်ခဲ့တယ်။ သွားရင်လည်း တစ်ယောက်တည်းမသွားရဘူး။ မောင်သောင်းစိန်နဲ့ နနတို့ရဲ့ ချစ်ကံကြမ္မာဆိုးတာကတော့ နိုးပြေးကြတဲ့ နံနက် ဘူတာမှာ ရထားမထွက်ခင် မိသွားတာပါပဲ။

နနက သူ့စိတ်ဆန္ဒနဲ့လိုက်တာပါဆိုပေမယ့် မောင်သောင်းစိန်ဟာ နိုးမှုနဲ့ ထောင်ကျပါတယ်။ နနမှာပါလာတဲ့ပစ္စည်းတွေနဲ့ အကြောင်းပြုပြီး အဖမ်းခံရတယ်။

အဲသည်ပစ္စည်းတွေက ဂျော်နီလုပ်ပေးတဲ့ပစ္စည်းတွေမှန်း မိခင်က ပြောမထားလို့ မနန မသိခဲ့ပါဘူး။

မောင်သောင်းစိန်ဟာ ထောင်ထဲမှာ စိတ်ထိခိုက်ခြင်းများစွာနဲ့ ရောဂါရပြီး သေဆုံးသွားခဲ့တယ်။

နနလည်း ဂျော်နီနဲ့လက်ထပ်လိုက်ရပြီး တစ်နှစ်အတွင်းမှာပဲ သေဆုံးခဲ့တယ်။

အများကတော့ စိတ်ဆင်းရဲလွန်းလို့ဖြစ်မယ်လို့ ပြောကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကံကြမ္မာတရားမှ ပြေးထွက်ပါသော်လည်း အချည်းနှီးသာ . . .

ကျွန်ုပ်သည် အနေနှင့်အမြန်ဆိုသလို အားလုံးသောကို သေရမည်ကဲ့သို့ အနေနှင့်အမြန် မေတ္တာရှိကြရမည်ဟု အထက်ဘုရားများမှ ပြဋ္ဌာန်းမှုပြုထားပါတယ်။

ဂျော့ဂ်ရင်မီလာ

အချစ်က
သူ့ဟာသူ အလိုအလျောက်
ပေးတတ်ပါတယ်။
ငွေနှင့် ပေးဝယ်၍
မရပါ . . .

လောင်ဖဲလိုး

# အချစ်နှင့်တွေ့ဆုံခြင်း

**ထူးမြင့်ကျော်**
**နှင့်**
**အေးမမ**

ထူးမြင့်ကျော်က တစ်ဦးတည်းသောသား။ ရူပဗေဒ နောက်ဆုံးနှစ်ကျောင်းသား။ သူ့မိဘများက နှစ်ယောက်စလုံး အရာရှိတွေဖြစ်တယ်။ ဖခင်က ရာထူးကြီးသလို မိခင်ကလည်း ရာထူးကြီးတယ်။

ထူးမြင့်ကျော်ဟာ ရုပ်ချောသလို သဘောလည်း ကောင်းတယ်။ ချမ်းသာပြီး အဆင့်အတန်းမြင့်ပေမယ့် လုံးဝ မာန မကြီးဘူး။

အေးမမနဲ့ ဆုံတွေ့ပုံကတော့ ဆန်းကြယ်တယ်။ ပုံပြင် ဆန်တယ်ပြောရမလား၊ ဝတ္ထုဆန်တယ် ပြောရမလား မသိဘူး။

အေးမမ အသက်ဆယ့်ရှစ်နှစ်အရွယ်မှာ မိခင်ဖြစ်သူက

www.burmeseclassic.com

www.burmeseclassic.com



နောက်အိမ်ထောင်ပြုခဲ့တယ်။ ဖခင်ဖြစ်သူက အေးမမ ဆယ်နှစ်သမီးကတည်းက ဆုံးခဲ့တယ်။

အေးမမမိခင်က ဝန်ထမ်းဘဝနဲ့ ရွာကျေးနေရာက အရွယ်ရှိသေးတော့ နောက်အိမ်ထောင်ပြုလိုက်တယ်။

အေးမမဟာ ပထွေးကို လုံးဝသဘောမကျဘူး။ မိခင်နဲ့ ညားစ တစ်နှစ်လောက်က နေလို့ရသေးပေမယ့် တစ်နှစ်ကျော်မှာ သူ မကြိုက်တော့ဘူး။ ပထွေးရဲ့ ရမ္မက်မျက်လုံးတွေကို သူ သိပ်မုန်းတယ်။ သူ့ကိုကြည့်ရှုခြင်းက မရိုးသားဘူးလို့ သူ နားလည်တယ်။

အေးမမ အိမ်ကထွက်ပြေးတာ ဆယ့်ကိုးနှစ်နဲ့ခြောက်လသမီးအရွယ်မှာ ဖြစ်တယ်။ မန္တလေးက, သူငယ်ချင်းတစ်ယောက်ဆီသွားမယ်လို့ ဆုံးဖြတ်ပြီး အိမ်က ထွက်ပြေးခဲ့တာပဲ။ သူငယ်ချင်းရဲ့လိပ်စာလည်း မသိဘူး။ သူငယ်ချင်းဖခင်ရဲ့ အလုပ်အကိုင်သာ သိထားတယ်။

ထူးမြင့်ကျော်က ကျောင်းပိတ်ရက်မှာ သူ့ဘကြီးရှိတဲ့ မန္တလေးကိုအသွား ကားဂိတ်မှာ အေးမမနဲ့ဆုံခဲ့တယ်။

ထူးမြင့်ကျော် ကားလက်မှတ်ဝယ်ချိန်မှာ အေးမမကလည်း လက်မှတ်ဝယ်တယ်။ ထိုင်ခုံကလည်း အဲသည်နှစ်လုံးသာ ကျန်တော့တယ်။

ကားမထွက်ခင် ကားဂိတ်မှာထိုင်ရင်း မျက်ရည်ဝိုင်းစို့



နေတဲ့ အေးမမကို ထူးမြင့်ကျော် သတိထားမိခဲ့တယ်။ အကဲခတ်ကြည့်မိတယ်။

ရိုးသားတဲ့ အေးမမမျက်နှာလေးဟာ မျက်ရည်စို့လေးတွေနဲ့ သနားစရာဖြစ်နေတော့တယ်။ မိသားစုနဲ့ ခွဲခွာလာရလို့ ဝမ်းနည်းနေတာဖြစ်မယ်လို့ပဲ နားလည်ခဲ့တယ်။

အေးမမမျက်နှာလေးဟာ ရိုးသားကြည်လင်တဲ့ မျက်နှာကလေး။ ညာဘက်မျက်လုံးအောက်မှာ မှဲ့ကလေးတစ်လုံး ရှိတယ်။ သနပ်ခါး ပါးကွက်ကလေးနဲ့ တောသူလေးတစ်ယောက်လိုပဲ။

ထူးမြင့်ကျော်နဲ့ အေးမမဟာ ထိုင်ခုံတစ်ဆက်တည်းကျတယ်။ အေးမမဟာ စွန့်စားခန်းခရီးထွက်လာရတာမို့ ရင်တွေ ခုန်နေတယ်။ မန္တလေး သူငယ်ချင်းကိုတွေ့မှ တွေ့ပါ့မလားလို့ စိုးထိတ်ပူပန်နေခဲ့တယ်။

ရန်ကုန်ကနေ နံနက်အစောကြီး ကားထွက်တယ်။ နံနက်စာစားဖို့ ဆယ့်တစ်နာရီမှာ ကားနားတယ်။

ထူးမြင့်ကျော်က ထမင်းဆိုင်ကြီးမှာ ထမင်းစားနေရင်း အေးမမ ဘယ်နားရှိမလဲ လိုက်ကြည့်မိခဲ့တယ်။ မတွေ့ဘူး။ ထမင်းစားပြီးထမှ အေးမမတစ်ယောက် ကားနဲ့မလှမ်းမကမ်းမှာ ကောက်ညှင်းပေါင်းထိုင်စားနေတာ တွေ့တယ်။ ထူးမြင့်ကျော် သနားသွားမိတယ်။ ပိုက်ဆံမပြည့်စုံမှန်း ရိပ်မိခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီလောက်မှာ ကား တစ်ခါနားတယ်။ လက်ဖက်ရည်သောက်ဖို့နဲ့ ကျန်းမာရေးအတွက် နားတာဖြစ်တယ်။

ထူးမြင့်ကျော်က အေးမမကို လက်ဖက်ရည်သောက်ခေါ်တယ်။ အေးမမက လိုက်တော့လိုက်တယ်။ လက်ဖက်ရည်လည်း မသောက်၊ အအေးလည်း မသောက်ဘူး။ ရေနွေးပဲသောက်တယ်။

ပြန်ထွက်တော့ လမ်းမှာ ကားပျက်တယ်။ ကျောက်ဆည်အနီးမှာ ကားပျက်ခဲ့တယ်။ ကားပြင်ရင်း မိုးချုပ်သွားတယ်။ ညစာထမင်းလည်း မစားရသေးဘူး။

သည်အချိန်မှာ ထူးမြင့်ကျော်နဲ့ အေးမမတို့ ကားအနီးက သစ်ပင်တစ်ပင်အောက်မှာ စကားပြောဖြစ်ကြတယ်။ ကားကရပ်ထားတာ။ ကားပေါ်မှာ ပူအိုက်လို့ ခရီးသည်တွေ မနေနိုင်ကြဘူး။

သည်အတိုင်းဆို မန္တလေးကို ညဉ့်နက်သန်းခေါင်မှရောက်တော့မယ်။

အေးမမက မန္တလေးရောက်ရင် ရုတ်တရက် ဘယ်သွားရမှန်းမသိဘူး။ သူ သိထားတဲ့သူငယ်ချင်းဖခင်ရဲ့ ရုံးလိပ်စာက ရုံးချိန်ရောက်မှ သွားစုံစမ်းလို့ရမှာဖြစ်တယ်။

အေးမမက ထူးမြင့်ကျော်ကို မန္တလေးရောက်ရင် သူ့သူငယ်ချင်းဖခင်ရုံးလိပ်စာ ရှာပေးဖို့ အကူအညီတောင်းတယ်။ သူ့



အကြောင်းကိုတော့ ဖွင့်မပြောဘူး။

ထူးမြင့်ကျော်က အကူအညီပေးမယ်ပြောလို့ အေးမမအားတက်ခဲ့တယ်။

ကားပြင်ပြီးတော့ ညဉ့်တစ်နာရီထိုးတော့မယ်။ ကျောက်ဆည်မှာ ညစာစားဖို့ ရပ်ပေးတယ်။ ထူးမြင့်ကျော်က ထမင်းအတင်းကျွေးလို့ အေးမမ ထမင်းစားခဲ့တယ်။ ဗိုက်ကလည်းတအားဆာနေပြီလေ။

မန္တလေးရောက်တော့ မိုးမလင်းသေးဘူး။ ထူးမြင့်ကျော်က အေးမမကို ကူညီဖို့ ကားဂိတ်မှာပဲ မိုးလင်းအောင် စောင့်ပေးခဲ့တယ်။

× × ×

အေးမမရဲ့သူငယ်ချင်းဖခင်က အလုပ်ပြောင်းသွားပြီ။ မန္တလေးကနေ ကချင်ပြည်နယ်ဘက် ပြောင်းသွားခဲ့ပြီ။ အေးမမမှာ ဆက်လိုက်ဖို့ စရိတ်မရှိတော့ဘူး။

မကြံတတ်အောင်ဖြစ်သွားတဲ့ အေးမမဟာ ထူးမြင့်ကျော်ရှေ့တင်ပဲ ချက်ရည်မထိန်းနိုင်အောင် ငိုလိုက်မိတယ်။

ထူးမြင့်ကျော်က ရိုးသားစွာ သူ့ဘကြီးအိမ် ခေါ်သွားခဲ့တယ်။ ထူးမြင့်ကျော် ဘကြီးက အငြိမ်းစားအရာရှိကြီးတစ်ယောက် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးဖြစ်သူက အေးမမကို အကဲခတ်မေးမြန်းပြီး နေ့တွင်းချင်း ရန်ကုန်ပြန်နိုင်ဖို့ စီစဉ်ပေးခဲ့တယ်။ ငွေကြေးစရိတ်လည်း ထုတ်ပေးတယ်။ အေးမမ ရန်ကုန်က ထွက်ပြေးလာတာကိုတော့ မသိဘူး။

ထူးမြင့်ကျော်က ကားဂိတ်လိုက်ပို့တယ်။ အဲသည်မှာ အေးမမက ရန်ကုန်ကို မပြန်ချင်တဲ့အကြောင်း၊ မိဘအိမ်က ပြေးလာတာဖြစ်ကြောင်းကိုလည်း ဖွင့်ပြောလိုက်တယ်။

မျက်ရည်တဝိုင်းဝိုင်းနဲ့ အေးမမအဖြစ်ကို ထူးမြင့်ကျော်သနားမိတယ်။ ဘယ်လိုဆုံးဖြတ်ရမယ်တော့ ရုတ်တရက် မဆုံးဖြတ်တတ်ဘူး။ အိတ်တစ်လုံးနဲ့ အေးမမကိုကြည့်ပြီး သူ မစဉ်းစားနိုင်အောင်ဖြစ်ခဲ့တယ်။

နောက်ဆုံးတော့ ထူးမြင့်ကျော်ဟာ အေးမမကို ဘကြီးအိမ် ပြန်ခေါ်သွားပြီး အကျိုးအကြောင်းအားလုံး ပြောပြတယ်။

ဘကြီးက မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းကို အသိပေးအကြောင်းကြားတယ်။ ပြီးတော့ သူ့အိမ်မှာပဲ ခေတ္တထားတယ်။ ရန်ကုန်က မိဘများထံ အကြောင်းကြားဖို့ စီစဉ်တယ်။

မိဘအိမ်ပြန်မလွှတ်ချင်တဲ့ အေးမမကို ထူးမြင့်ကျော်သနားမိတယ်။ ပြန်မလွှတ်လို့ကလည်း မဖြစ်ချေဘူး။

မန္တလေးကို အေးမမရဲ့မိခင်လိုက်လာတယ်။ သက်ဆိုင်ရာကို အသိပေးပြီး ထူးမြင့်ကျော်ဘကြီးကို ကျေးဇူးတင်စကား



ပြောပြီး သမီးကို ပြန်ခေါ်လာတယ်။

အဲသည်ခရီးမှာ ထူးမြင့်ကျော်ကလည်း ရန်ကုန် ပြန်လိုက်လာတယ်။

× × ×

သူတို့နှစ်ယောက်အချစ်က အဲသည်မှာစတာပဲ။ ထူးမြင့်ကျော်နဲ့ အေးမမတို့ မကြာခဏတွေ့ကြတယ်။ အေးမမရဲ့ပထွေးကလည်း အနေအထိုင်ပြင်သွားတယ်။

ထူးမြင့်ကျော် နောက်ဆုံးနှစ်အပြီးမှာ မိဘများက သဘောတူစွာနဲ့ ယှိမ်းမြားလက်ထပ်ပေးခဲ့လိုက်တာ အခုစာရေးတဲ့အချိန်ဆိုရင် သားတစ်ယောက်၊ သမီးလေး နှစ်ယောက်တောင်ရနေခဲ့ကြပြီလေ။

နှစ်ပေါင်းလေးဆယ်ကျော်က လူသားနှစ်ဦးရဲ့ အဖြစ်အပျက်ကလေးတစ်ခုဖြစ်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ
သတ္တိအင်အားကိုပေးတဲ့
ဆေးကောင်းကြီးတစ်မျိုးဖြစ်တယ်။

(ဝီလျံ)

အချစ်ရှိပါလျှင်
မဖြစ်နိုင်ခြင်းများသည်
ဖြစ်နိုင်မှုများ ဖြစ်လာတယ်။

(တမီးလ်စကားပုံ)

# ဆုံးမ,ခံရသောအချစ်ဆိုး

စိုးခက်
နှင့်
အိဖြူမ

အိဖြူမကို စိုးခက်လိုက်သည်မှာ သဲသဲမဲမဲလိုက်၏။ အိဖြူမကို စိုးခက်ကြိုက်သည်က အလွန့်အလွန် ကြိုက်သည်။

သို့သော် . . .

အိဖြူမက စိုးခက်ကို နည်းနည်းလေးမှ သဘောမကျ။ အိဖြူမက စိုးခက် အချစ်ကို လုံးဝဆိုလုံးဝမှ လက်မခံနိုင်။

× × ×

အိဖြူမ ငယ်စဉ်ကပင် ဘာသာရေး၌ စိတ်ဝင်စားမှုရှိသည်။ မိဘ ညီအစ်ကိုမောင်နှမများထက်ပင် ဘာသာရေးကို ပို၍ လိုက်စားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ အသက်ဆယ်နှစ်သမီးအရွယ်ကပင် ရပ်ကွက်ထဲက ဝတ်အသင်းကို ဝင်သည်။ ဆယ့်တစ်နှစ်သမီးအရွယ်မှာပင် ဓမ္မစကြာနှင့် ပရိတ်ကြီးတို့ကို ကောင်းစွာရွတ်တတ်ခဲ့၏။

မိဘစကား နားထောင်သဖြင့် မိဘများက ချစ်၊ အိမ်မှုကိစ္စလုံးပန်းသဖြင့် ညီအစ်ကိုမောင်နှမများက ချစ်၏။ ပညာရေးဘက်၌လည်း တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့၏။

အိဖြူမက နာမည်နှင့်လိုက်အောင် အသားဖြူ၏။ မဝိန်လွန်း၊ မဝလွန်းဘဲ အချိုးအစားပြေပြစ်သည်။ နှာတံပေါ်၊ မေးရိုးသွယ်၍ နှုတ်ခမ်းလှ၏။ မျက်ခုံးကောင်းပြီး မျက်လုံးက သမင်မမျက်လုံးကလေးလို အပြစ်ကင်းစင်သည်။

အိဖြူမ၏ထူးခြားချက်မှာ ဝါတွင်းသုံးလဆို ဥပုသ်မပြတ်စောင့်ပြီး၊ ဝါပဆိုလျှင် သူမ မွေးရက်များ၌ သတ်သက်လွတ်စားခြင်း ဖြစ်သည်။

သူမသည် လူတကာအပေါ် မေတ္တာထား၍ ပေါင်းသဖြင့် ပတ်ဝန်းကျင်အားလုံးက သူ့ကို အရွယ်နှင့်မလိုက်အောင် လေးစားကြင်နာကြ၏။

အိဖြူမ အသက်ဆယ့်ခြောက်နှစ်မှာ ဆယ်တန်းအောင်ခဲ့၏။ သို့သော် တက္ကသိုလ်ဆက်မတက်။ မိဘကို ကူညီရန်အတွက် အလုပ်ဝင်ခဲ့သည်။

× × ×



စိုးခက်က မော်တော်ကားဝပ်ရှော့ပိုင်ရှင် သား၊ တစ်ဦးတည်းသောသား၊ မိဘက အလိုလိုက်ထားသဖြင့် ဆိုးချင်တိုင်းဆိုးနေသူဖြစ်သည်။

ကျောင်းပညာကို ရှစ်တန်းအထိသာ သင်ခဲ့ပြီး ကျောင်းထုတ်ခံရသဖြင့် ကျောင်းဆက်မတက်တော့ချေ။

ထို့နောက်တော့ အရက်သောက်၊ ဖဲရိုက်နှင့် မိဘ ရှာသည်ကို ထိုင်ဖြုန်းနေသူဖြစ်သည်။

စိုးခက် ရုပ်ရည်ကမဆိုးသော်လည်း အကျင့်က ဆိုး၏။ ပေါင်းရသင်းရခက်၏။

မိဘများကလည်း နှင်ချလိုက်၊ ပြန်ခေါ်လိုက်နှင့် တစ်ဦးတည်းသောသားမို့ သံယောဇဉ်မဖြတ်နိုင်။

စိုးခက်၏ အဆိုးဆုံးအကျင့်မှာ ဖွတ်တရွတ်လုပ်တတ်ခြင်းဖြစ်သည်။ မိဘက မပေးလျှင် ခိုးသည်။ မိခင်ဖြစ်သူကို အနိုင်ကျင့်၍ယူသည်။ ဈေးဗားမှု၊ လိမ်လည်မှုတို့လည်း လုပ်တတ်၏။

စိုးခက်သည် ရည်းစားလည်း များသူဖြစ်၏။ ရိုးတဲ့သော မိန်းကလေးများကို ငွေကြေးနှင့်ဖြားယောင်းသွေးဆောင်တတ်၏။

× × ×

အိဖြူမကို စိုးခက်တွေ့ရှုသည်မှာ ရပ်ကွက်ထဲက နာရေးရက်လည်ဆွမ်းသွတ်အကြိုညတစ်ည ဖြစ်၏။ အိဖြူမက

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရွတ်ရန်သွားသည်။ စိုးခက်က ထိုညမှာ ဖဲရိုက်ရန်ရောက်လာသည်။

စိုးခက်က ထိုညမှာ အိဖြူမအိမ်လိပ်စာကို စုံစမ်းသည်။ အိဖြူမအပြန်ကို နောက်မှ ခြေရာခံလိုက်ခဲ့၏။ စိုးခက်နေသည့်ရပ်ကွက်နှင့် အိဖြူမနေသည့်ရပ်ကွက်မှာ တစ်ခုတည်းမဟုတ်ချေ။

ထိုညမှာတွေ့ပြီးနောက်ပိုင်း အိဖြူမကို စိုးခက် အကြိမ်ကြိမ်လိုက်တော့၏။ အလုပ်သွားလျှင် နောက်ကလိုက်သည်။ အလုပ်ပြန်လျှင် နောက်မှလိုက်သည်။ အိမ်ရှေ့ကို မကြာခဏ ပတ်သည်။

စာပေးသည်။ စကားလိုက်ပြောသည်။ အိဖြူမက ယဉ်ကျေးစွာ ငြင်းသော်လည်း မရချေ။

အိဖြူမက မောင်နှမများသိလျှင် ရန်ဖြစ်မည်စိုးသဖြင့် လျှို့ဝှက်ဖုံးဖိထားသည်။ သို့သော် ကြာတော့ သိလာ၏။ အိဖြူမမောင်လေးနှင့် စိုးခက် စကားများသည်။ သို့သော် ဆက်လိုက်မြဲဆက်လိုက်၏။

အိဖြူမ အလုပ်ကလုပ်ဖော်ကိုင်ဖက်များက စိုးခက်ကို ကြည့်မရ။ တစ်နေ့တော့ အလုပ်နားမှာ ရန်ဖြစ်ကြ၏။

စိုးခက်ကို ရဲကဖမ်းသွားသည်။ တစ်ပတ်ချုပ်ထား၏။ သို့သော် နောက်ရက်များမှာ အိဖြူမနောက်သို့ စိုးခက် လိုက်မြဲလိုက်ပြန်သည်။ သူ့စာကိုမယူလျှင် အိဖြူမခြင်းထဲ အတင်းထည့်



သွား၏။ လွှင့်ပစ်သည်ကို တွေ့က ပြန်ကောက်၍ထည့်သည်။ အိဖြူမဘေးမှာ အဖော်သူငယ်ချင်းများပါလည်း သူက ဂရုမစိုက်။ ပြောချင်တာ ပြောတတ်၏။

ကြာတော့ အိဖြူမမှာ ခြေချုပ်မိလာသလိုဖြစ်လာခဲ့၏။ ဘုန်းကြီးကျောင်းလည်း မသွားရဲ၊ ဈေးလည်း သွားရမှာ မဝံ့။ ဝတ်ရွတ်ရန်ကိစ္စရှိလည်း စိတ်အနှောင့်အယှက်ဖြစ်နေတော့သည်။

တစ်ညနေ၌ လူမမာမေးပြီး အိဖြူမ အပြန်လမ်း၌ အရက်မူးနေသော စိုးခက်က လက်ဆွဲ၍စကားပြောခဲ့သည်။ အိဖြူမမှာ ရှက်လွန်း၍ မျက်ရည်ကျခဲ့ရ၏။ အိမ်ပြန်ရောက်တော့ ဖွင့်ပြောလျှင် အစ်ကိုနှင့်မောင်များ တုတ်ဆွဲ ဓားဆွဲဖြစ်မည်မို့ ပြောမထွက်ခဲ့။

အိဖြူမ နေ့စဉ်နှင့်အမျှ ထိုကိစ္စအတွက် စိတ်ရှုပ်ထွေးရ၏။ သို့သော် တရားနှင့်ဖြေတတ်သူမို့ ကြီးမားသော သောကမဖြစ်ခဲ့။ သူ့မစိတ်၌ ဝဋ်ဟူ၍သာ သူမ ခံယူခဲ့၏။

ညစဉ် တရားထိုင်သဖြင့် အိဖြူမစိတ်မှာ သမာဓိခိုင်မာပါသည်။

× × ×

မိုးလေသည်းထန်နေသော တစ်ညနေ၌ စိုးခက်သည် အိဖြူမ အလုပ်မှအပြန် ကုက္ကိုပင်တစ်ပင်အောက်၌ ထီးဆောင်း

www.burmeseclassic.com

www.burmeseclassic.com



၍ စောင့်နေခဲ့သည်။

ထိုနေ့ညနေက အိဖြူမမှာ ကားကြုံရှိသဖြင့် အလုပ်က အပြန် ကားကြုံနှင့်လိုက်ခဲ့၏။

စိုးခက်စောင့်နေသော ကုက္ကိုပင်ကို ပြင်းထန်သော မိုးကြိုးတစ်ချက် ထိမှန်ခဲ့သည်။

စိုးခက် တစ်ကိုယ်လုံးမည်းကြုတ်သွား၏။ မနက်ဖြန်၌ အိဖြူမကို သူ လိုက်၍ မနှောင့်ယှက်နိုင်တော့ချေ။



# အချစ်ထမင်းဟင်း

မောင်ပံသု(စားဖျော်)

နှင့်

မနီလာ(ဆောက်လုပ်ရေး)

နီလာတို့အဖြစ်ကတော့ ရယ်စရာအဖြစ်လို့ပဲ ဆိုရလေမလားပဲ။

မောင်ပံသုက (စားဖျော်)ဝန်ထမ်းစာရေးလေးဖြစ်ပြီး၊ မနီလာက (ဆောက်လုပ်ရေး)ဝန်ထမ်း စာရေးမလေး တစ်ယောက်ဖြစ်တယ်။

မောင်ပံသုက ကံဘဲ့မှာနေတယ်။ မနီလာက ရန်ကင်းမှာနေတယ်။ မြို့နယ်ကတော့ တစ်ခုတည်းပဲ။

ရုံးသွားရုံးပြန် ကားစီးကြတဲ့အခါ လမ်းကြောင်းက တစ်ခုတည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



မောင်ပံသုက ကံဘဲ့မှတ်တိုင်က တက်လာရင် မနီလာက ရန်ကင်းကျောင်းရှေ့က မှတ်တိုင်က တက်တယ်။ အချို့ရက်တွေမှာ နေ့စဉ်လိုဆုံတယ်။ အချို့ရက်တွေမှာ ရက်ခြားဆုံတယ်။

ဆုံတွေ့ပါများလို့ မျက်နှာမြင်ဖူးကြပေမယ့် တစ်ယောက်နာမည် တစ်ယောက် မသိကြပါဘူး။ တစ်ယောက် နေရပ်လိပ်စာလည်း တစ်ယောက် မသိကြဘူး။

သူတို့နှစ်ယောက်ဟာ အသက်ရွယ်တူတွေ ဖြစ်ကြတယ်။ နှစ်ယောက်စလုံး ဘွဲ့ရပြီးမှ အလုပ်ဝင်ခဲ့ကြတာဖြစ်တယ်။

တစ်နေ့မှာတော့ သူတို့နှစ်ယောက်ကို သိကျွမ်းလာအောင် အကြောင်းဖန်လာခဲ့တယ်၊

အဲသည်နေ့က ကားသိပ်ကျပ်တယ်။ မိုးကလည်း ဖွဲဖွဲရွာနေတယ်၊ ကံဘဲ့မှတ်တိုင်က တက်လာတဲ့ မောင်ပံသုဟာ ရန်ကင်းမှတ်တိုင်အရောက်မှာ ခရီးသည်တစ်ဦးဆင်းသွားလို့ ထိုင်ခံနေရာရခဲ့တယ်၊ ထိုင်လိုက်တယ်။

ရန်ကင်းကားမှတ်တိုင်မှာ မနီလာတက်လာတယ်၊ တိုးဝှေ့တက်ရင်းက မောင်ပံသုထိုင်တဲ့နားကို ရောက်သွားတယ်။

မောင်ပံသုက မနီလာကို နေရာထပေးတယ်။ တော်တော်နဲ့ မနီလာက မထိုင်ဘူး။ နောက်တော့မှ အားနာနာနဲ့ ထိုင်လိုက်တယ်။ နေရာထပေးတဲ့ ကိုပံသုလက်ထဲက နှစ်ဆင့်ထမင်းချိုင့်ကို မနီလာက ယူကိုင်ပေးခဲ့တယ်။



မနီလာလက်ထဲမှာလည်း နှစ်ဆင့်စတီးထမင်းချိုင့် ပါတယ်။

သည်လိုနဲ့ ကားစီးလာပြီး မြို့ထဲအရောက်မှာ မနီလာက အရင်ဆင်းတယ်၊ ကိုပံသုက နောက်မှ ဆင်းတယ်။

ရုံးက ထမင်းစားချိန်မှာ ထမင်းချိုင့်ဖွင့်တော့ ထမင်းချိုင့်မှားနေမှန်းသိတယ်။

ကိုပံသုအိမ်က ထည့်ပေးလိုက်တဲ့ဟင်းက ပဲပင်ပေါက်ပဲပြား။ ယခုစားမလို့ ဖွင့်ကြည့်လိုက်တော့ ကြက်သားဟင်း ဖြစ်နေတယ်။

ကားပေါ်က စာရေးမလေးက ချိုင့်မှားပေးသွားတာဖြစ်ကြောင်း သူ စဉ်းစားမိတယ်၊ လိုက်ပြီးလဲရအောင်ကလည်း ဘယ်နေရာက ဘယ်ရုံးမှန်းမသိဘူး။

ကိုပံသုဟာ ကြက်သားဟင်းစားပြီး ပြုံးစိစိဖြစ်နေတယ်။ ကားပေါ်မှာ တွေ့ရတတ်တဲ့ စာရေးမလေးမျက်နှာကိုလည်း မြင်နေတယ်။ နောက်နေ့တော့ ပြန်တွေ့ကြမှာပဲလို့ သူ တွေးပြီး ပြုံးနေမိတယ်၊

နောက် သုံးလေးရက်ထိ မဆုံကြဘူး။ ကိုပံသုဟာ ဆုံရအောင် စာရေးမလေးတက်တတ်တဲ့ ကားမှတ်တိုင်မှာ သွားစောင့်တယ်၊ စာရေးမလေးမနီလာက အဲသည်ရက်တွေမှာ အစောကြီးနဲ့သွားရတာမို့ မတွေ့ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရက်တစ်ပတ်ကျော်ပြီးမှ ပြန်တွေ့ကြတယ်၊ ရယ်ရယ်မောမောပြောဆိုရင်း ထမင်းချိုင့်ချင်း ပြန်လဲလှယ်ကြတယ်။

အဲသည်နေ့မှာလည်း ကိုပံသု စားရက်ကြုံ့လို့ မုတ်ဆိတ်ပျားစွဲပါတယ်။ သူ့အိမ်က ထည့်ပေးလိုက်တာက ကန်စွန်းရွက်ကြော်၊ စာရေးမလေးနဲ့ ပြန်လဲလှယ်တဲ့ ချိုင့် ဖွင့်လိုက်တော့ ငါးမြင်းဆီပြန်ဟင်းဖြစ်နေတယ်။

ရုံးက သူငယ်ချင်းတွေကိုပြောပြီး ကိုပံသု ဟားရတယ်၊ စာရေးမလေးတော့ ထမင်းစားချိန်မှာ ဒေါ်ပွနေမှာပဲလို့ပြောပြီး ရယ်ကြတယ်။

နောက်ရက်တွေမှာ ထိုင်ခုံလွတ်သွားလို့ ထိုင်ရတဲ့မနီလာက ချိုင့်ကို ကိုင်မပေးတော့ဘူး။ မနီလာက ဒီဂရီမျက်မှန်တစ်ရသူမို့ မျက်လုံးအား သိပ်မကောင်းဘူး။ ကိုပံသုက နောက်သလိုလိုနဲ့ ထမင်းချိုင့်ကို အတင်းပေးတော့ ကိုင်ထားပေးတယ်။ ဒါပေမယ့် သူ့ထမင်းချိုင့်မှာ စာရေးမလေးက လက်ကိုင်ပဝါချည်ထားလိုက်တယ်။

အဲသည်လို ထမင်းချိုင့်မှားရာက သိကြတယ်၊ ခင်ကြတယ်၊ တစ်ယောက်ရုံး တစ်ယောက်ရောက်ကြတယ်။

အဲသည်ကတစ်ဆင့် မနီလာရုံးက ရွှေစက်တော်ဘုရားဖူးသွားရာမှာ ကိုပံသုလည်း ပါသွားတယ်။ ချိုင့်မှားပြီး တစ်နှစ်ကျော်အကြာမှာ ကိုပံသုက မနီလာကို ချစ်ရေးဆိုတယ်။



စာထဲမှာက . . .

"တစ်သက်လုံး ကြက်သားဟင်းနဲ့ ငါးမြင်းဆီပြန် စားပါရစေ . . ."

လို့လည်း ပါတယ်။

သူတို့နှစ်ယောက်ဟာ လစာတွေတိုးပြီး တစ်နှစ်အကြာမှာ မင်္ဂလာဆောင်လိုက်ကြတယ်။

မင်္ဂလာပွဲမှာတော့ ကြက်သားဟင်းနဲ့ ငါးမြင်းဆီပြန် ပါတယ်။ ဒါပေမယ့် ပဲပင်ပေါက်ပဲပြားနဲ့ ကန်စွန်းရွက်ကြော်က အရန်ဟင်းလျာဖြစ်နေပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်၏လှပ်ရှားမှုလောက်
ကြီးမားပြင်းထန်သော
လှုပ်ရှားမှုမျိုး မရှိပါဘူး။

(စိတ်ရောဂါကု ဆရာဝန်ကြီးတစ်ဦး)

ချစ်မြတ်နိုးခြင်းခံရသော
သဘောကို . . .
အားမာန်တက်ကြွခြင်းအကြောင်းရင်းအဖြစ်
ယူဆကြတယ်။
(ဘာထရင်မ်ရပ်ဆဲလ်)

# ရေးရေစက်ကြောင့်ထင်၏

ကျော်မောင်မောင်
နှင့်
ခင်မမ

စော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်မှာ ကျော်မောင်မောင်နှင့် ခင်မမ ဆုံခဲ့ကြ၏။

ကားက ညနေ ငါးနာရီမှထွက်မည်။ ရန်ကုန်မှ မကွေးအထိထွက်မည့်ကားကို သူတို့စီးကြမည်ဖြစ်သည်။ ဂိတ်မှာ သူတို့စောင့်နေကြသည်။

ယခင်ကတည်းက သူတို့နှစ်ယောက် ဤကားဂိတ်မှာ တစ်ကြိမ်ဆုံဖူးခဲ့သည်။ အသိအကျွမ်းတော့ မဖြစ်ခဲ့။

ယခုတစ်ခေါက်မှာတော့ ကားမထွက်ခင်ကပင် အားပြောဖြစ်ခဲ့ကြသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စကားပြောဖြစ်ခဲ့သည့်အကြောင်းမှာလည်း ရှုဆေးဘူးဝယ်ရာမှ စခဲ့၏။ ခင်မမက ရှုဆေးဘူးဝယ်ရာမှာ အနုတ် မရှိ။ ငါးရာတန်ကို ဈေးသည်က မဖျက်နိုင်။ ထိုအခြေအနေမှာ အနီးတွင်ရှိနေသော ကျော်မောင်မောင်က ဈေးသည်ကို အနုတ်ဝင်ပေးလိုက်၏။ ခင်မမကလည်း လမ်းခရီးရောက်မှ ပြန်ပေးမည်ဟု ပြောပြီး လက်ခံလိုက်၏။ ထိုကိစ္စမှစ၍ စကားပြောဖြစ်ခဲ့၏။

ရန်ကုန်မှ မကွေးအပြန်ကားကြီးပေါ်တက်သောအခါ ကျော်မောင်မောင်နှင့် ခင်မမတို့ ထိုင်ခုံမှာ ကပ်လျက်ဖြစ်နေသည်။

ထိုင်ခုံ နှစ်ဆယ့်တစ်နှင့် နှစ်ဆယ့်နှစ်မှာ ထိုင်ကြပြီး မိတ်ဆွေသစ်ဖြစ်ကြပြန်သည်။

လက်ပံတန်းမှာ ကားခေတ္တနားသောအခါ သူတို့နှစ်ယောက် ဆင်း၍ ထမင်းအတူစားကြ၏။ ထမင်းဖိုးကျသင့်ငွေကို ကျော်မောင်မောင်ကပင် ရှင်းလိုက်၏။ ခင်မမက ထုတ်ပေးသော်လည်း ကျော်မောင်မောင် လက်မခံခဲ့။ သူတို့နှစ်ယောက်မှာ လေးငါးနာရီအတွင်း တကယ့်မိတ်ဆွေဟောင်းများပမာ ဖြစ်နေသည်။

ကားပေါ် ပြန်တက်သောအခါ စကားတွေ ပြောကြရင်း နှစ်ယောက်စလုံး မကွေးချက်မြှုပ်ဇာတိတွေမှန်း သိကြ၏။ ပို၍ ခင်မင်ကြ၏။

သို့သော် ကျော်မောင်မောင်က မကွေးမှာ မိဘများမရှိ



ကြတော့ချေ။ ကွယ်လွန်ကုန်ကြပြီဖြစ်သဖြင့် အစ်မကြီးနှင့် ဆွေမျိုးများသာ ရှိကြတော့သည်။

ခင်မမမှာ မိခင်ကြီးတစ်ယောက်ရှိသေးပြီး ယခုခရီးမှာ မိခင်ကြီးမမာသည့်သတင်းရ၍ မကွေးသို့ ပြန်လာခြင်းဖြစ်သည်။

ခင်မမက ရန်ကုန်မှာ အစ်ကိုနှင့်အတူနေပြီး အလုပ်လုပ်သည်။ သူ့အလုပ်ကပုဂ္ဂလိကပိုင်ဖြစ်၏။ အလုပ်ကျွမ်းကျင်အဆင့်ရှိ၍ ဝင်ငွေ လစာကောင်းသည်။

ကျော်မောင်မောင်က ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ အင်ဂျင်နီယာဖြစ်၏။ ယခု ခရီးစဉ်မှာ အမွေကိစ္စဖြင့် မကွေးသို့ ပြန်လာခဲ့ခြင်းဖြစ်၏။

မကွေးရောက်တော့လည်း သူတို့နှစ်ယောက် တွေ့ကြသည်။ ခင်မမမိခင်အိမ်မှာ ဆုံကြ၏။

ခင်မမ မကွေးရောက်ပြီး နောက်တစ်ရက်မှာ မိခင်ကြီး ဆုံးသွားရှာသည်။

ထိုနာရေးမှာ ကျော်မောင်မောင် အစစအရာရာ ကူညီ၏။ ငွေလည်း ကူသည်။ လုပ်အားလည်း ကူသည်။ သူ့မှာ အမွေကိစ္စအတွက် စရန်ငွေလည်း ခြောက်သိန်းခန့် ရထားခဲ့သည်။

နာရေးတစ်ခုလုံးကို စီစဉ်နေသူမှာ ကျော်မောင်မောင်ဆိုသလိုဖြစ်နေတော့သည်။

ဖော်ရွေ၍ ကြင်နာတတ်သော ကျော်မောင်မောင်ကို

www.burmeseclassic.com

www.burmeseclassic.com



ခင်မမ မိသားစုနှင့် ဆွေမျိုးများက ခင်မင်ကြ၏။

ကျော်မောင်မောင်၏ အစ်မကြီးကလည်း ခင်မမကို လေ့လာပြီး သဘောကျနေသည်။

ခင်မမမှာ မိခင်ကြီးနာရေးကိုလာရင်း ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်ရရှိသလိုဖြစ်ခဲ့၏။

× × ×

မိခင်ကြီး ရက်လည်အပြီးမှာ ကျော်မောင်မောင်နှင့် ခင်မမတို့ ရန်ကုန်သို့ ပြန်ကြသည်။

မခွဲနိုင် မခွာရက်ဖြစ်နေကြပြီး ပြည်မြို့သို့အရောက်မှာ နှစ်ဦးသဘောတူဆင်းကြသည်။ ကားလက်မှတ်က ရန်ကုန်အထိ ဝယ်ထားသော်လည်း ရန်ကုန်သို့ ဆက်မလိုက်ကြ။

ပြည်မြို့က တည်းခိုခန်းတစ်ခုမှာ သုံးရက်တည်းခိုနေခဲ့ကြသည်။ သုံးရက်နေပြီးနောက်၌ ခွင့်ရက်တွေ ပြည့်ပြီဖြစ်သဖြင့် ရန်ကုန်ကို မပြန်မဖြစ်တော့ချေ။

ကျော်မောင်မောင်၏နှုတ်မှ ရန်ကုန်ရောက်ရောက်ချင်း ခင်မမကို တရားရုံးမှာ လက်မှတ်ထိုးယူပါမည့်အကြောင်း ပြောသောအခါ ခင်မမ အံ့သြဝမ်းသာသွားခဲ့ရသည်။

ခင်မမက ရန်ကုန်ရောက်သောအခါ အစ်ကို့ကို နာရေး



သတင်းနှင့်အတူ မင်္ဂလာသတင်းပါ ပြောလိုက်၏။

ကျော်မောင်မောင်နှင့်ခင်မမတို့ တစ်ပတ်အတွင်း တရားရုံးမှာ လက်မှတ်ထိုးကြသည်။ ထို့နောက် တစ်လအပြည့်မှာ ဘုန်းကြီးကျောင်း၌ မင်္ဂလာဆွမ်းကျွေးခဲ့၏။

မကွေးမှ ဆွေမျိုးမိတ်သင်္ဂဟများ ရန်ကုန်သို့ တစ်ပြုံကြီး လာခဲ့ကြလေသတည်း။

သူတို့နှစ်ယောက်၏အချစ်က ဆန်းကြယ်သလို အချိန်လည်း ဘယ်လောက်မှ မပေးလိုက်ရချေ။

ကျော်မောင်မောင် နှစ်ဆယ့်ခြောက်နှစ်မှာ ချစ်သူ ရီရီဆွေဆိုသူ ရှိခဲ့၏။ သုံးနှစ်မျှ ချစ်ခဲ့၏။ ကြိုက်ခဲ့၏။

ခင်မမ နှစ်ဆယ့်ငါးနှစ်မှာ မောင်ပြုံးဆိုသောချစ်သူ တစ်ယောက် ရှိခဲ့၏။ နှစ်နှစ်မျှ ကြိုက်ခဲ့ဖူးပါ၏။

သို့သော် . . . သို့သော် . . .

ကျော်မောင်မောင်နှင့် ခင်မမတို့မှာ ရေးစက်ကြောင့် ထင်ပါ၏။

အချိန်တိုတိုနှင့် လိုရာရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် . . .
တဲအိမ်ငယ်ကို
အိမ်တော်ကြီးဖြစ်စေတယ်၊
ကောက်ရိုးကို . . .
ပိုးဖဲကြိုးများ ဖြစ်စေတယ်၊

အက်စ်တိုးနီးယန်းစကားပုံ

အချစ်ဆိုတာ လမ်းသွားရင်းလည်း တွေ့တတ်ပါတယ်၊

အချစ်ဟူသည်
ညဥ့်တည်းဟူသော
အမိုက်တိုက်နယ်ပယ်ကြီးမှ
နေထွက်အောင်လုပ်ပေးနိုင်တယ်၊

ရှီလာ

# အချစ်နှင့်သစ္စာ

ချစ်ကိုကို (M.B.B.S)
နှင့်
ထွေးညို

ချစ်ကိုကိုမှာ တစ်ဦးတည်းသောသား ဖြစ်၏။ အသား ဖြူသည်၊ မျက်နှာကောင်းသည်။ နှာတံပေါ်သည်။ နှုတ်ခမ်းလှသည်။

အနေနှသော်လည်း ကျန်းမာရေး သိပ်လိုက်စားပြီး အလေးမသဖြင့် ကိုယ်ခန္ဓာတောင့်တင်း၏။

ဆယ်တန်းတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ပြီး မန္တလေး ဆေးတက္ကသိုလ်တက်ခဲ့သည်။

မိဘများက ဆေးရိုးကုန်သည်များဖြစ်ပြီး ငွေတိုးလည်း ချေးစားသည်၊ မျိုးရိုးစဉ်ဆက် ချမ်းသာသောသူများဖြစ်ကြ၏။

ချစ်ကိုကို ဘွဲ့ရပြီးသောအခါ၌ မိဘများက ဆေးခန်းဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့၏။ မြို့လယ်နေရာကောင်းတစ်ခုကို ဝယ်၍ စေတနာ ဆေးခန်းအမည်ဖြင့် ဖွင့်ပေးခဲ့၏။

ချစ်ကိုကို၏စေတနာဆေးခန်း၏ထူးခြားချက်မှာ သံဃာတော်များကို အခမဲ့ကုသပေးခြင်းဖြစ်သည်။ ထို့ပြင် ဆင်းရဲသူများကိုလည်း ဆေးဖိုးသာယူပြီး စမ်းသပ်ခမယူချေ။

ချစ်ကိုကိုအား သဘောကျ၍ မိဘများကို စကားလာရောက်ကမ်းလှမ်းသည့် သမီးရှင်များလည်း မကြာခဏ ဆိုသလိုပင် ဖြစ်၏။

ထွေးညိုမှာ ချစ်ကိုကိုတို့အိမ်သို့ ကိုး၊ ၁၀ နှစ်သမီးကတည်းက ရောက်ခဲ့သော တောသူအိမ်ဖော်ကလေးဖြစ်၏။ မိဘမရှိတော့ချေ။

ကျောင်းပညာ နှစ်တန်းအထိ မြန်မာစာရေးတတ်ဖတ်တတ်သည်။ သို့သော် ချစ်ကိုကိုမိဘများ၏ ထိန်းသိမ်းမှုကြောင့် အစစအရာရာ သိနားလည်၍ ယဉ်ကျေး၏။

အိမ်တွင်းထိန်းသိမ်းမှု တော်သည်။ အချက်အပြုတ်ကောင်းသည်။ အိမ်ရှင်တို့၏ အကြိုက်ကို သိတတ်၏။ ထွေးညိုမှာ ချစ်ကိုကိုအဘွား၏ အချစ်တော်ဖြစ်သည်။ ထွေးညိုမှာ ချစ်ကိုကို အဘွားနှင့်အတူ အိပ်ရသူဖြစ်၏။ ချစ်ကိုကို အဘွားက မျက်စိမှုန်သည်။ အရာရာကို ထွေးညိုပြုစုလုပ်ကိုင်ပေးရသည်က များ၏။

ချစ်ကိုကို အသက်သုံးဆယ်အရွယ်မှာ ထွေးညိုက



ဆယ့်ခြောက်နှစ်သမီးအရွယ် ဖြစ်၏။

ထွေးညိုမှာ ညနေဆိုလျှင် ချစ်ကိုကိုဆေးခန်း၌ သူနာပြုဆရာမတစ်ဦးနှင့်အတူ ကူညီလုပ်ကိုင်ပေးရ၏။

ထွေးညိုအရွယ်ရောက်လာချိန်၌ မိဘများက စိတ်ပူလာခဲ့၏။ တစ်ဦးတည်းသောသား ချစ်ကိုကိုနှင့် လက်ပွန်းတတီးနေသည်ကို မနှစ်မြို့ချေ။ အိုးချင်းထား အိုးချင်းထိမှာ စိုး၏။

သို့သော် ကိုးနှစ်သမီးကတည်းက မွေးခဲ့သဖြင့် သံယောဇဉ်လည်း ရှိ၏။ အိမ်မှုကိစ္စ အားကိုးရသဖြင့် လက်လည်းမလွှတ်ချင်ကြချေ။ ချစ်ကိုကိုအဘွား၏ အချစ်တော်လည်းဖြစ်သဖြင့် တောသို့ ပြန်ပို့မည့်စဉ်းစားတိုင်း မိဘများ ဦးနှောက်ခြောက်ရသည်။

ထွေးညိုမှာ အပျိုဖော်ဝင်သောအခါ တသွေးတမွေး လှလာ၏။ ကိုယ်လုံးကိုယ်ထည်လှပပြီး မျက်နှာမှာ ညိုချောလေး ဖြစ်သည်။

ချစ်ကိုကိုကလည်း ယခုထိ ရည်းစားဟူ၍မရှိသေးသဖြင့် မိဘများမှာ စိတ်ပူမည်ဆိုလည်း စိတ်ပူစရာဖြစ်လာ၏။

အထည်ကုန်သည်ကြီးတစ်ဦး၏ သမီးဖြင့် မိဘများက [illegible]ကြသည်။ ချစ်ကိုကိုက လုံးဝ စိတ်မဝင်စားချေ။

အိမ်မှာ လူမပြတ်စေလိုသည့်သဘောဖြင့် မိဘများက [illegible]တစ်ဦး ထပ်ငှား၏။ ထိုအခါကျမှ ပိုဆိုးလာသလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆေးခန်းအလုပ်များကို ပိုနားလည်နေသော ထွေးညိုကို ဆေးခန်းမှာ နံနက်ပိုင်းအချိန်ပါ ခေါ်၍ ချစ်ကိုကိုက ခိုင်း၏။

ထိုအခါမှ မိဘများက အိမ်ဖော်အသစ်ချက်ပြုတ်လုပ်ကိုင်သည်များကို မကြိုက်ဟုဆိုကာ ထွေးညိုကို အိမ်မှာပင်လုပ်ရန် စီစဉ်ရပြန်သည်။

ရွာတွင် ထွေးညို၏ကြီးတော်ကြီး ရှိသေးသည်။ ထိုကြီးတော်ကြီးက တစ်ယောက်တည်းဖြစ်သည်။

ချစ်ကိုကိုမိဘများက ထိုကြီးတော်ကြီးကို အကြောင်းပြပြီး ထွေးညိုကို ရွာသို့ပြန်လွှတ်၏။ ငွေအလုံးအလောက်လည်း ပေးသည်။ ကြီးတော်ကြီး မရှိတော့မှ မြို့သို့ပြန်လာရန် မှာသည်။ ငွေကြေးလိုက မှာရန်လည်း ပြောလိုက်၏။

ထွေးညိုကို ပြန်လွှတ်သည်ကို ချစ်ကိုကိုက သဘောမကျချေ။ သို့သော် မိဘများအစီအစဉ်ကို ကန့်ကွက်ရမှာစိုးသဖြင့် ဘာမှမပြောဘဲနေခဲ့၏။

ထွေးညိုမရှိတော့မှ ချစ်ကိုကိုရင်မှာ ထွေးညိုကို ချစ်နေမိမှန်းသိလာ၏။ ထမင်းစားချိန်မှာ ထွေးညိုအသံကို ကြား၏။ ညနေမှာ ဆေးခန်းဖွင့်ချိန်ဆို ထွေးညိုအသံကို ကြားနေ၏။

ထွေးညိုမရှိတော့မှ ချစ်ကိုကိုရင်မှာ ထွေးညိုကို ချစ်နေမိမှန်း သိလာ၏။ ထမင်းစားချိန်မှာ ထွေးညိုအသံကို ကြား၏။ ညနေမှာ ဆေးခန်းဖွင့်ချိန်ဆို ထွေးညိုအသံကို ကြားနေ၏။



သို့သော် ထွေးညိုနှင့် သူ ဘာအဆက်အသွယ်မှ မရှိချေ။

ထွေးညိုရွာသို့ ပြန်သွားပြီးနောက်တစ်နှစ်မှာ အဘွားဆုံးသည်။ ချစ်ကိုကို၏ အဘွားဆုံးကြောင်းကြား၍ ထွေးညို တစ်ယောက်မြို့သို့ တစ်ခေါက်လာခဲ့၏။ နာရေးရက်တွေမှာ အိမ်ကိစ္စတွေ ကူလုပ်ခဲ့သည်။ သူ့ကို ကြည့်ကြည့်နေသော ချစ်ကိုကိုမျက်လုံးများနှင့်ဆုံခဲ့သည်။

ထို့နောက် ရွာသို့ပြန်ခဲ့၏။ ချစ်ကိုကိုလက်ဆောင်ပေးလိုက်သော လက်စွပ်ကလေးတစ်ကွင်း သူ ရလာခဲ့၏။

ရာသီတွေပြောင်း နှစ်တွေညောင်း၍ ချစ်ကိုကို တစ်ယောက် အသက်လေးဆယ်ထဲပင် ရောက်ခဲ့ပြီ။ ချစ်သူလည်းမထား၊ အိမ်ထောင်လည်း မပြုခဲ့ချေ။

ချစ်ကိုကို၏မိခင်လည်း သွေးတိုးရောဂါဖြင့် ရုတ်တရက်သေဆုံးခဲ့၏။ ထိုနာရေးအကြောင်းကို ထွေးညိုရွာသို့ ချစ်ကိုကိုကိုယ်တိုင်သံကြိုးရိုက်၍ မှာလိုက်သည်။

ချစ်ကိုကို၏မိခင်ကြီးနာရေးမှာ ချစ်ကိုကိုနှင့်ထွေးညိုတို့ပြန်၍ဆုံဖြစ်ခဲ့သည်။

ထွေးညို၏အသက်မှာ နှစ်ဆယ့်ခုနစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။

နာရေးအပြီးမှာ ချစ်ကိုကိုက ထွေးညိုကို ရွာသို့ပြန်

www.burmeseclassic.com

www.burmeseclassic.com



မလွှတ်တော့ချေ။ ရွာမှ ထွေးညိုကြီးတော်ကြီးကိုလည်း မြို့ဦးခေ
ထားရန် မှာလိုက်၏။ ထွေးညိုကို ပြန်လည်ခေါ်သည်ကို ချစ်ကိုက
ဖခင်က မကန့်ကွက်ချေ။

ဤသို့ဤနယ်ဖြင့် ဒေါက်တာချစ်ကိုကိုနှင့် အိမ်ဖော်
လေး ထွေးညိုတို့ ညားကြလေသတည်း။

x x x

အချစ်သည် နှလုံးသားမှ လာ၏။

ငွေကြေး၊ ဥစ္စာ၊ ရာထူး၊ ဂုဏ်ဒြပ်တို့နှင့် မဆိုင်ချေ။

အမှန်တကယ် ဖူးစာရေစက် ဆုံကြရမည်မှန်လျှင် န
မည်မျှကြာသော်လည်း ဆုံဖက်ရတတ်၏။ အခက်အခဲကို ကျေ
လွန်၏။

အချစ်စစ် အချစ်မှန်ကို အသိုင်းအဝန်းတစ်ခုသည် မ
သို့မျှ ဖျက်၍မရချေ။

အချိန်တန်က အချစ်စစ် အချစ်မှန်တို့၏ သစ္စာတ
သည် တန်ဖိုးပေါ်လာတတ်ချေသတည်း။

# အချစ်ကိုယုံကြည်မှုတို့သည်

မောင်ဇော်လွင်
နှင့်
မစိုးစိုး

သူတို့နှစ်ယောက်ဇာတ်လမ်းကလည်း မှတ်တမ်း ရေး
စရာ ဖြစ်သည်။

အထက်တန်း ကျောင်းသားကျောင်းသူဘဝကတည်း
က မောင်ဇော်လွင်နှင့် မစိုးစိုး သိကြပါသည်။

မိဘချင်းရင်းနှီးနေ၍ သူတို့ချင်းလည်း သိကြရခြင်းဖြစ်
၏။

မောင်ဇော်လွင်၏ မိဘများအိမ်သို့ မစိုးစိုးမိဘများ
အလည်အပတ်သွားတတ်သကဲ့သို့ မစိုးစိုးမိဘများအိမ်သို့လည်း
မောင်ဇော်လွင်၏မိဘများ လာလည်တတ်သည်။

မောင်ဇော်လွင်နှင့် မစိုးစိုး၏မိဘများမှာ မင်းဘူးစက

www.burmeseclassic.com



ဇာတိများဖြစ်ပြီး ရန်ကုန်မြို့သို့ ဆီလုပ်ငန်းနှင့်အတူ ရောက်လာကြခြင်းဖြစ်၏။

မောင်ဇော်လွင်မိဘများက ရန်ကုန်သို့ တစ်နှစ်စောရောက်၏။ မစိုးစိုးမိဘများက မောင်ဇော်လွင်မိဘများ အကူအညီနှင့် ရန်ကုန်သို့ ရောက်လာခဲ့သည်။

ရန်ကုန်၌ ဆီပွဲရုံထောင်၍ စီးပွားရေးအတူလုပ်ကိုင်ပြီး စီးပွားတက်ခဲ့ကြသည်။

အလတ်တန်းစား ကုန်သည်ဘဝမှ အထက်တန်းစား ကုန်သည်ဘဝသို့ ရောက်ခဲ့ကြ၏။

မိဘများ၏ စီးပွားရေးတိုးတက်သော်လည်း သားသမီးများ ပညာရေးမှာ မတိုးတက်ခဲ့ချေ။

မောင်ဇော်လွင်က ဆယ်တန်းသုံးခါကျ၍ မစိုးစိုးက ဆယ်တန်း နှစ်ခါကျခဲ့သည်။

သားသမီးများ၏ အရွယ်က သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်ရမည့်အရွယ်မို့ မိဘများက စီစဉ်ထားကြ၏။

မောင်ဇော်လွင်နှင့် မစိုးစိုးမှာ သက်တူရွယ်တူများဖြစ်၏။ မောင်ဇော်လွင်က မစိုးစိုးထက် သုံးလကြီး၏။

မစိုးစိုးမိဘများက သူတို့၏ကျေးဇူးရှင်ဖြစ်သော မောင်ဇော်လွင်မိဘများ၏စကားကို နားထောင်ကြ၏။ မောင်ဇော်လွင်မိဘများအကူအညီဖြင့် သူတို့ချမ်းသာကြီးပွားခဲ့ရသည်။



မောင်ဇော်လွင်မိဘများက မစိုးစိုးနှင့် အိမ်ထောင်ချပေးရန် ဆိုလာသောအခါ သမီးရှင်ဖြစ်သော်လည်း ချက်ချင်းပင် သဘောတူခဲ့၏။

သူတို့သဘောမှာ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ချင်သော သဘောဖြစ်၏။

မစိုးစိုးက သမီးကြီး၊ ဇော်လွင်က သားကြီး။ သူတို့ စီးပွားရေးလုပ်ငန်းခွဲများကို ဦးစီးကြစေချင်သည်။

ထို့ကြောင့် နီးစပ်အောင် မိဘများက ဖန်တီးပေးကြ၏။ သူတို့နှစ်ယောက်ကို အခြားအဖော်များနှင့်အတူ ဘုရားဖူးခရီးများ စီစဉ်ပေးသည်။

အဖော်တစ်ယောက်စနှင့်အတူ ကမ်းသာယာတည်းခိုခန်းများကိုလည်း လွှတ်၏။

ထို့ပြင် ငွေရေးကြေးရေးရစရာခရီးများကိုလည်း သူတို့နှစ်ယောက်ကို လွှတ်၏။

သို့သော် . . .

ဇော်လွင်နှင့် စိုးစိုးတို့မှာ ဘုနှင့်ဘောက်။

ခရီးသွားပြီဆို ပြဿနာတက်လာကြစမြဲဖြစ်၏။ တစ်ခုပြီးတစ်ခု အထစ်အငေါ့တွေ ဖြစ်လာတတ်၏။

သူတို့စိတ်ထဲ၌လည်း အသိအကျွမ်းမိတ်ဆွေလိုပဲ ရှိနေသည်။ ဘယ်လိုမှ စိတ်မလှုပ်ရှားကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ မိဘများ၏စိတ်ထားကို စိုးစိုးရိပ်မိသိရှိလာ၏။ ဇော်လွင်နှင့်ဆို ရှောင်သည်ထက် ရှောင်လာ၏။

"အသားမည်း စပ်ဖြဲဖြဲကောင်ကို ဘယ်လိုမှ ကြည့်လို့မရတော့ ဘယ်လိုချစ်လို့ရမှာလဲ"

ဟု စိုးစိုးက သူ့သူငယ်ချင်းတစ်ယောက်ကို ပြော၏။

ဇော်လွင်ကလည်း အလားတူပင်ဖြစ်၏။

"စကားပြော ကပ်တတ်တတ်နဲ့ စိုးစိုးကို ဘယ်လိုမှ ခံစားလို့ မရဘူး"

ဟု သူ့ညီဝမ်းကွဲကို ပြောခဲ့၏။

မိဘများမှာ ဘယ်သို့စီစဉ်အောင်မဝင်ဘူးဖြစ်နေသည်။

နောက်ဆုံး မိဘများဆန္ဒနှင့် ပေးစားကြမည်ပြုသောအခါ စိုးစိုး အိမ်မှထွက်ပြေးခဲ့သည်။

စိုးစိုးအိမ်မှထွက်ပြေးသကဲ့သို့ ဇော်လွင်ကလည်း အိမ်နှင့် ရှောင်ခွာခွာလုပ်နေခဲ့၏။

စိုးစိုးကို ခြောက်လကြာမှ သူ့သူငယ်ချင်း နီနီလွင်အိမ်မှ ပြန်ခေါ်ယူရ၏။

စိုးစိုး၏သူငယ်ချင်း နီနီလွင်နှင့် ဇော်လွင်မှာ အိမ်ထောင်ပြုခဲ့၏။

စိုးစိုးနှင့် အဖော်လိုက်ရာမှ ဇော်လွင်နှင့် နီနီလွင် ကြိုက်ခဲ့၊ ချစ်ခဲ့ခြင်းဖြစ်သည်။



လောက၌ အချစ်ကို လုပ်ကြံယူ၍မရချေ။ အချစ်ကသူ့ အလိုလိုဖြစ်သော အရာဖြစ်၏။

စိုးစိုးနှင့် ဇော်လွင်တို့အဖြစ်ကို ကြည့်လျှင် သိသာ၏။



အချစ်ဆိုသည်
အားလုံးသောအားတိုးဆေးတို့အနက်
အစွမ်းထက်ဆုံးသော
အားတိုးဆေးတစ်လက်ဖြစ်တယ်။
အန္တရာယ်နဲ့တွေ့ရင်
ဖြတ်ထိုးဉာဏ်ထွက်လာသလိုပဲ
အချစ်အားတိုးဆေးကလည်း
တစ်စုံတစ်ယောက်ကို
ဖြတ်ထိုးဉာဏ်ထွက်နိုင်ပါတယ်။
(အောဘီအက်မှဉ်)

www.burmeseclassic.com

www.burmeseclassic.com



အချစ် အဆင်ပြေနေသူမှာ အမြဲရွှင်မြူးလျက်ရှိပြီး ဦးနှောက်က အစဉ်ကြည်လင်လျက်ရှိလေရာ နေထိုင်၊ လုပ်ကိုင်၊ စားသောက်ရာမှာ ကိုယ်စိတ်ပေါ့ပါးကာ စိတ်ကြည်နူးစွာနေထိုင် စားသောက်လုပ်ကိုင်နိုင်သဖြင့် ဘဝဓါတ်သုခသည် ကိုယ်နှင့်မကွာ ရှိ၍ နေလေတော့တယ်။

(ဂျော့ဂျက်လေမလန်း)

ရှာဖွေ၍ရသော အချစ်က ကောင်းတယ်။
ဒါပေမယ့် မရှာဖွေဘဲရသော အချစ်က ပိုပြီးကောင်းတယ်။

(ရှိတ်စပီးယား)

အချစ်သည်
ဝိတ်ပင်ကာဆီးခံထားလျက်နှင့်
ဝင်ရောက်တယ်။

(သုန်ဂါ)

# နှပ်ပုံးစာရွာလည်

ကျော်မြင့် + စိုးထိုက်
နှင့်
လဲ့လဲ့ + သဖင်ကြူ

ကျော်မြင့်က ကားဒရိုင်ဘာဖြစ်၏။ စိုးထိုက်က ကျော်မြင့် သူငယ်ချင်း၊ ကားပြင်ဆရာဖြစ်သည်။

သူတို့နှစ်ယောက်က တစ်ရွာတည်းသားများ ဖြစ်ပြီး၊ အလွန်ခင်မင်ကြသည်။ မကြာခဏလည်း ရွာကို အတူပြန်လာကြသည်။

လဲ့လဲ့က ကားဂိတ်ထမင်းဆိုင်ပိုင်ရှင်၏ သမီးဖြစ်သည်။ မိဘဆိုင်မှာပဲ ကူလုပ်နေသူဖြစ်၏။ ရုပ်ချော၊ သဘောကောင်း၊ အပြောချိုသူ၏။

သဖင်ကြူက ကားဂိတ်အနီး၌ရှိသော အပ်ချုပ်ဆိုင်မှ

www.burmeseclassic.com

www.burmeseclassic.com



လက်ခစား အထည်ချုပ်သူလေးဖြစ်၏။

သူတို့နှစ်ယောက်ကလည်း ကျော်မြင့်နှင့် စိုးထိုက်တို့ကဲ့သို့ပင် အလွန်ခင်မင်ကြ၏။ ညီအစ်မအလားပင် နေထိုင်ကြ၏။

ကျော်မြင့်က သဇင်ကြူကို သဘောကျသည်။ တစ်နေ့မမြင်ရလျှင် မနေနိုင်ပါဟုပင် ဆိုသည်။

ရွာသို့ ခဏပြန်လာလျှင် သဇင်ကြူကို သတိရ၍ဆိုပြီး ချက်ချင်းပြန်လာတတ်၏။

သဇင်ကြူကတော့ ကျော်မြင့် သူ့ကို နှစ်သက်မြတ်နိုးကြောင်းသိ၏။ သို့သော် မိန်းမပီပီ ဣန္ဒြေထိန်းထား၏။

သဇင်ကြူနှင့်နီးစပ်ရေးအတွက် ထမင်းဆိုင်က လဲ့လဲ့ကို ကျော်မြင့်က အကူအညီတောင်းခဲ့၏။ လဲ့လဲ့ကလည်း စိတ်ပါဝင်စားစွာ အောင်သွယ်လုပ်ပေးခဲ့သည်။

ကျော်မြင့်သတင်းကို သဇင်ကြူထံသို့၊ တစ်ခါတစ်ရံ ကျော်မြင့်နှင့် သဇင်ကြူ တွေ့ဆုံရန် အကြောင်းဖန်တတ်၏။

သူတို့ချင်း တွေ့တော့လည်း ကျော်မြင့် ကောင်းကြောင်းတွေ၊ မေတ္တာဖွဲ့တွေကို လဲ့လဲ့က နားသွင်းတတ်၏။

စိုးထိုက်က လဲ့လဲ့ကို စိတ်ဝင်စား၏။ လဲ့လဲ့နှင့် ကျော်မြင့်က ခင်မင်သဖြင့် လဲ့လဲ့နှင့်နီးရန် ကျော်မြင့်ကဲ့သို့ပင် ထမင်းဆိုင်မှာ ထမင်း မကြာခဏစား၏။

စိုးထိုက်က ကျော်မြင့်ကနေတစ်ဆင့် လဲ့လဲ့ကို စာပေး



သည်။

လဲ့လဲ့က အဖြေမပေးသော်လည်း စာပြန်ရေးပြီး ဘာလိုလို လုပ်ထား၏။

ဤသို့ ဤပုံနှင့် တစ်ဝါဆိုပြီး တစ်ဝါဆိုခဲ့ပြန်သည်။

မကြာခဏ ဘုရားမှာ ဆုံကြ၊ မြို့တစ်မြို့သို့ ဈေးဝယ်သွားကြနှင့် အိမ်ထောင်ပြုရေးမှာ ပြတ်ပြတ်သားသား မရှိကြချေ။

ကျော်မြင့်ပေးသော စာများလည်း သဇင်ကြူထံမှာ စုပုံနေ၏။ သဇင်ကြူပြန်စာက ငါးစောင်မှ တစ်စောင်ကျလောက် ဖြစ်၏။ လဲ့လဲ့က တစ်ဆင့်ပေး၏။

စိုးထိုက်ထံ၌လည်း လဲ့လဲ့ဓာတ်ပုံတွေ၊ စာတွေ အများကြီးပဲဖြစ်သည်။

သူတို့စုံတွဲများမှာ စိတ်ကောက်လိုက်ကြ၊ ပြန်တည့်လိုက်ကြ ပြန်ခေါ်လိုက်ကြ၊ အတူတူ ဟိုသွားသည်သွားကြနှင့် ဖြစ်နေသည်။

ကြာတော့ ပတ်ဝန်းကျင်က ကျော်မြင့်နှင့် သဇင်ကြူ၊ ဆိုက်နှင့်လဲ့လဲ့တို့ကို သမီးရည်းစားတွေမှန်း သိနေကြ၏။

သို့သော် . . . သို့သော် . . .

တစ်ဝါကျွတ်အပြီးမှာတော့ ကျော်မြင့်က လဲ့လဲ့ကို သူ့နိုးပြေးသွား၏။

သဇင်ကြူနှင့်မဟုတ်ဘဲ အောင်သွယ်လဲ့လဲ့နှင့် နိုးပြေး

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပတ်ဝန်းကျင်အံ့သြကုန်ကြ၏။

ကျော်မြင့်တော့ အောင်သွယ်နဲ့ပဲညားသွားပြီဟု ကားသမားလောကမှာ ပြောကြ၏။ ပတ်ဝန်းကျင် အံ့သြစွာပြောကြ၏။

အစကတော့ မယုံသလိုပင်ဖြစ်၏။ နောက်မှ ကျော်မြင့်တို့ရွာမှာ ကျော်မြင့်နှင့်လဲ့လဲ့ အတူရှိနေကြောင်း ကြားမှ ယုံကြည်ကြ၏။

သဇင်ကြူမှာ ရှက်လွန်းသဖြင့် အပ်ချုပ်ဆိုင်ထဲမှ အပြင်သို့ပင် မထွက်။

သူ့ကို အချို့ကာလသားများက "မယ်ရစ်ကျန်" ဟု စကြသဖြင့် သူ အခံရခက်၏။

လဲ့လဲ့နှင့် ကျော်မြင့်ကို သုံးလအကြာမှာ သူ့မိခင်ကိုယ်တိုင် ရွာမှာလိုက်ခေါ်ပြီး ထမင်းဆိုင်မှာပင် မင်္ဂလာပွဲပြုလုပ်ပေးလိုက်၏။

နောက်တစ်ဝါကျွတ်မှာတော့ စိုးထိုက်နှင့် သဇင်ကြူတို့ နိုးပြေးပြန်၏။

လဲ့လဲ့ကို မရ၍ ရသည်ကို စိုးထိုက်ယူလေသည်လား မပြောတတ်ချေ။

လက်ကျန်မဲကို စိုးထိုက်ပေါက်သွား၏။

သူတို့အဖြစ်က ပတ်ဝန်းကျင် မျက်စိနောက်သွား၏။

သူတို့အဖြစ်က ရှုပ်ယှက်ခတ်အဖြစ် ဖြစ်သည်။



သူတို့အဖြစ်က အောင်သွယ်တွေနှင့် ညားကုန်ကြသော အဖြစ်များ ဖြစ်၏။

ပြောမယုံ ကြုံဖူးမှ ဟုတ်မည်ထင်ရသော အဖြစ်အပျက်များ ဖြစ်လေသတည်း။

အချစ်သည် အသက်အရွယ်နှင့် မဆိုင်ချေ။
နီးစပ်မှု၊ သဘောထား တူညီမှုများပေါ်၌
အချစ်သည် ပေါက်ဖွားတတ်၏။
ဘဝနှင့် အချစ်က ယှဉ်တွဲနေပြီး
ဘဝ၏တိုးတက်မှု
ဆုတ်ယုတ်မှုကလည်း
အချစ်ကို အများဆုံး ဖန်တီးနိုင်တယ်။

(ဘောလင်ဘရူ)

www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့် အိမ်ထောင်ရေးသည် တခြားစီဖြစ်၏။

ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဖြစ်၏။

လောက၌ ဝိုနီးစပ်ရာကို အိမ်ထောင်ကျတတ်၏။

သမီးရည်းစားလောက၌ အောင်သွယ်နှင့် ညားသွားသူများ များစွာရှိလေ၏။

အချစ်ဆိုသည်က
မရှိသောဆင်ခြင်စဉ်းစားခြင်းနှင့်သာ
စဉ်းစားဆင်ခြင်တယ်။
(ရှိတ်စပီးယား)

ငွေရအောင်ရှာတာက
အချစ်ရအောင်ရှာခြင်းထက်
ဦးနှောက် ပိုအလုပ်လုပ်ရတယ်။
(ဇရင့်ကလင်)

# ငယ်တကျွမ်းတဲ့ ငယ်ကျွမ်းဆွေ

နောင်နောင်
နှင့်
စံပယ်ဖြူ

သူတို့အတွဲက ငယ်ကျွမ်းဆွေများဖြစ်၏။ တစ်လမ်းတည်းနေသလို၊ တစ်ကျောင်းတည်း တက်ခဲ့ကြ၏။

ကျောင်းသွားကျောင်းပြန် အတူတူ။ တစ်ယောက် နေမကောင်းလျှင် တစ်ယောက်က စာကူးပေးသည်။

စတုတ္ထတန်းမှ ဆယ်တန်းအထိ ကျောင်းသွားဖော်တွေဖြစ်ခဲ့ကြ၏။

နှစ်ယောက်စလုံးကလည်း ဖြူဖြူချောချော သွယ်သွယ်လေးတွေဖြစ်၏။ မသိသူကဆို မောင်နှမလို့ပင် ထင်ကြပါမည်။

သူတို့နှစ်ယောက် ဆယ်တန်းကို တစ်နှစ်တည်း ပြိုင်တူ

www.burmeseclassic.com

www.burmeseclassic.com



အောင်ခဲ့ကြ၏။

ဆယ်တန်းအောင်ပြီးသည့်နှစ်ကတော့ သူတို့ငယ်ကျွမ်းဆွေနှစ်ယောက် ခွဲရသော နှစ်ဖြစ်၏။

နောင်နောင်မိဘများက စီးပွားရေးကြောင့် ဝါးခယ်မမြို့မှ အိမ်ကိုရောင်း၍ ရန်ကုန်မြို့သို့ တက်ခဲ့၏။ ရန်ကုန်တွင် အခြေချ၍ စီးပွားရေးလုပ်ကိုင်၏။

နောင်နောင်တို့ ပြောင်းစရက်များကဆိုလျှင် မစံပယ်မှာ မနေတတ်သဖြင့် အိပ်ရာထဲ၌ ငိုပွဲဆင်ရ၏။ နောင်နောင်တို့ မိသားစု ပြောင်းသည့်နေ့မှာပင် သူမက နောင်နောင့်ထံ စာရေး၏။

နောင်နောင်က ရန်ကုန်မှာ တက္ကသိုလ်ဆက်တက်၍ မစံပယ်က ပုသိမ်ကောလိပ်မှာ တက်၏။

တစ်လမှာ ရက်သုံးဆယ်ရှိလျှင် စာအစောင်သုံးဆယ် တစ်နေ့ တစ်စောင်ကျ ရေးကြ၏။

အချို့စာများမှာ တစ်ကြောင်းတည်း ဖြစ်ခဲ့၏။

"သတိရလျက်ပါ . . ." ဟူ၍သာ ဖြစ်၏။ စာပို့သမားကို လက်ဖက်ရည်ဖိုးပေးထားကြသည်။

ကျောင်းပိတ်ရက်ဆိုလျှင် ဝါးခယ်မမှာ ပြန်ဆုံကြ၏။ အချို့ညနေများမှာ သော်ကဘုရားကြီးထဲသွား၍ ကုသိုလ်ပြုပြီး ဆုတောင်းတတ်ကြ၏။

မိဘများက သဘောတူထားသဖြင့် သူတို့မှာ ဘာ



အနှောင့်အယှက်မှ မရှိချေ။ ကျောင်းပြီးလျှင် စေ့စပ်ထားမည်၊ အလုပ်အကိုင် တစ်ယောက်ရလျှင်ပင် ပေးစားမည်ဟု ဆုံးဖြတ်ထားကြသည်။

သူတို့နှစ်ယောက်တည်း တစ်နှစ်မှာ မော်တင်စွန်းဘုရားပွဲ သွားခဲ့ကြ၏။

သူတို့အချစ်ကို မော်တင်စွန်းဘုရားနှင့် ပင်လယ်ပြင်ကြီးကို သစ္စာဆိုခဲ့ကြ၏။ စုံတွဲပုံများလည်း ဖလင်တစ်လိပ်စာ ရိုက်၍ တစ်ဝက်စီ ခွဲယူခဲ့ကြ၏။

စတုတ္ထနှစ်အပြီးမှာ သူတို့နှစ်ယောက် ဝါးခယ်မမြို့မှာပင် စေ့စပ်ပွဲကို ကျင်းပခဲ့၏။

ထို့နောက် အလုပ်အကိုင်မရခင်ပင် မင်္ဂလာဆောင်ပေးရန် မိဘများ အစီအစဉ်ဆွဲခဲ့၏။

ယောက်ျားလေးဘက်က ဗေဒင်ကြေး အဆင်ပြေသော်လည်း မိန်းကလေးဘက်က ဗေဒင်ကြေးလည်း ပြင်ဆင်ရင်း ရက်ကောင်းရက်သာ ရွေးခဲ့သောကြောင့် အချိန်ခေတ္တ ဆွဲထားခဲ့၏။

နောင်နောင်တစ်ယောက် ရန်ကုန် ခေတ္တပြန်သောရက်မှာ သူငယ်ချင်းများခေါ်၍ သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်အတွက် အထက်အညာမြို့တစ်မြို့သို့ ခရီးထွက်ခဲ့၏။

လမ်း၌ ကားအန္တရာယ်တွေ့ခဲ့သည်။ သူတို့စီးသောကားနှင့် တန်ကားတစ်စီး တိုက်မိခဲ့၏။

www.burmeseclassic.com



နောင်နောင်ခေါင်း၌ ဒဏ်ရာရသွားၿပီ။ ရန်ကုန်ရောက်တော့ ဦးနောက်နှင့်အာရုံကြောဆေးရုံကို တက်ရောက်ကုသရ၏။

နောင်နောင်၏ ကံကြမ္မာဆိုးသည်မှာ ဦးနောက်ထိခိုက်ပြီး စိတ္တဇဝေဒနာရှင်ဖြစ်သွားခြင်းပင် ဖြစ်တော့သည်။

တစ်နှစ်ကောင်းလာနိုး၊ နောက်နှစ် ကောင်းလာနိုးနှင့် နှစ်ပေါင်းနှစ်ဆယ်ကျော်လာခဲ့သော်လည်း ကောင်းမလာတော့ချေ။



ဤအဖြစ်အပျက်ကို ပြောပြသော (မစ်ပယ်)
"မသုဓမ္မစာရီ(မမွှာစရိယ) ကို ကျေးဇူးအထူးတင်ရှိပါ၏။

# ဦးဖိုးပြူး နှင့် လုံးတင်မ

ဦးဖိုးပြူး
နှင့်
လုံးတင်မ

"ဦးဖိုးပြူးကြီးရဲ့ မင်္ဂလာဆွမ်းကျွေးတဲ့"

"ဟဲ့ . . . ဘယ်က ဦးဖိုးပြူးလဲ"

"ဒေါ်ပြူး ကုန်စုံဆိုင်ရှေ့အိမ်ကလေ"

"အလို . . . အဲသည် အဘိုးကြီးက အို့ပြီပဲ"

"ဟုတ်တယ်လေ။ အသက် ခြောက်ဆယ့်ရှစ်နှစ်တောင် ရှိပြီ။ ခါးမကုန်းသေးပေမယ့် ဆံပင်တွေ ဖြူနေပြီ"

"သူ့မိန်းမ သေတာ ဆယ့်ငါးနှစ်လောက်ရှိပြီ"

"သူ့သားသမီးတွေက တစ်နယ်တကျေးတွေမှာ အိမ်ထောင်တွေကျလို့ မြေးဆယ့်တစ်ယောက်၊ မြစ်နှစ်ယောက်တောင် ရနေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



“သေခါနီး ရိက္ခာယူတာဖြစ်မယ်”

“ဟယ် . . . နင်က ပြောရော့မယ်၊ ဖွဲ့တစ်ဆုပ်နိုင်ရင် ကျားစိတ် မကုန်သေးဘူးတဲ့”

“ဖွဲ့တစ်ဆုပ်နိုင်ပေမယ့် ဖွဲ့နှစ်ပေါင်တော့ မနိုင်တော့ဘူး ထင်ပါတယ်ဟယ်”

“သူက နေ့စဉ် ဘုရားဝတ်တက်ပြီး နေ့စဉ်လို မေတ္တာ ပို့ နေတာပဲ”

“ဘုရားအလုပ်လည်း လုပ်တာပေါ့”

“လူ့အလုပ်လည်း လုပ်ချင်သေးတယ်နော်”

“အဘိုးကြီးမှာလည်း အသည်းနှလုံးနဲ့ပဲ”

“အင်း . . . ဒါလဲ ဟုတ်တာပဲ”

“ဆေးပေးမီးယူဖြစ်မယ်ထင်တယ်”

“ဆေးပေးမီးယူက သိပ်ငယ်နေတော့ ခက်တာပေါ့အေ”

“ဒါနဲ့ မိန်းမက ဘယ်သူလဲ”

“လုံးတင်မလေးလေဟယ်။ ပဲပြုတ်သည် မခရဲ့သမီး လုံးတင်မလေး”

“အို . . . အို . . . လုံးတင်မလေးလား။ ဒီကောင်မလေး အသက် နှစ်ဆယ်မှ ပြည့်သေးရဲ့လား”

“အသက်တော့ နှစ်ဆယ်ပြည့်ပါပြီ”

“ပိုက်ဆံမက်လို့ ယူတာဖြစ်မှာပေါ့”



“အို . . . အဘိုးကြီးမှာ ဘာရှိလို့လဲ၊ သားသမီးတွေ ထောက်ပံ့တာ စားနေရတာပဲ”

“အိမ်ကိုမက်လို့ယူတာဖြစ်မှာပေါ့”

“အိမ်ကလည်း ဘာတန်တာမှတ်လို့၊ မြေက ကုန်စုံဆိုင် ဒေါ်ပြုံးမြေလေ”

“ဒါဆို ဘာဖြစ်လို့ယူတာလဲ”

“ဒါတော့ ငါဘယ်သိမှာလဲ။ ယူချင်လို့ ယူတာဖြစ်မှာပေါ့”

“လုံးတင်မအမေကရော သဘောတူလား။ ဒီကောင်မ လေး အဖေ မရှိတာကြာပြီ”

“သူ့အမေက သဘောမတူချင်ပေမယ့် သူ့သမီးက ယူ လို့ ပေးစားလိုက်တာ”

“ဖြစ်မှဖြစ်ရလေဟယ်”

“အဘိုးကြီးကို ချက်ပြုတ်ပေး၊ အဝတ်ဖွပ်ပေးရင်းက နီး စပ်လို့ သံယောဇဉ်ဖြစ်မှာပေါ့အေ”

“ဒါနဲ့ သူတို့မင်္ဂလာဆောင်က ဘာကျွေးလဲ”

“ဟင်းက ပဲနီလေးကြာဆံဟင်းချို၊ ပြီးတော့ ပဲပင်ပေါက် ပြားကြော်”

“အို . . . အဘိုးကြီး သွားမကောင်းလို့ထင်တယ်နော်”

“အချစ်မှာ သွားမရှိလို့ဖြစ်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



- အချစ်သည် ကံကြမ္မာအရသာဖြစ်၏။
- အချစ်သည် အနိစ္စဖြစ်၏။
- အချစ်သည် ဒုက္ခတစ်မျိုးဖြစ်၏။
- အချစ်ကို ကံကြမ္မာကသာ စီရင်၏။
- ချစ်သူတို့ ပေါင်းရမည်၊ မပေါင်းရမည်ကို ကြိုတင်တွက်ဆ၍ ရကောင်းသည်လည်း ရှိ၏။ မရကောင်းသည်လည်း ရှိ၏။

တုံ့ပြန်မခံရသော
အချစ်သည်
အဖြေကင်းမဲ့သော
မေးခွန်းနှင့်တူသည်။

(ဂျာမန်စကားပုံ)

အချစ်သည် မှားယွင်းသော ပြုမူချက်များကို ဦးတည်ပေးသော်လည်း ငွေကြေးသည် အိမ်ထောင်ပြုရေးများသို့ ဦးတည်ပေးတယ်။

(ဂျာမန်စကားပုံ)

# မောင်မျိုးလင်း နှင့် အန်တီသိန်း

မောင်မျိုးလင်း
နှင့်
အန်တီသိန်း

အရပ်ထဲမှာပြောနေကြသည်က မောင်မျိုးလင်းက အန်တီသိန်းကို ခိုးပြေးသည်လား . . .။ အန်တီသိန်းက မောင်မျိုးလင်းကို ခိုးပြေးသည်လား . . .။ ဝေခွဲမရအောင် ဖြစ်နေကြ၏။

မောင်မျိုးလင်း အသက်က ၂၅ နှစ်။

အန်တီသိန်းအသက်က ၅၂ နှစ်။

ထို့ကြောင့် ဤသို့ ဤနှယ် ပြောနေကြခြင်းပဲ ဖြစ်၏။

အချစ်စိတ်၊ ရမ္မက်စိတ်က ဆန်းကြယ်၏။ အန်တီသိန်းသည် မုဆိုးမတစ်ဦးဖြစ်သော်လည်း သားကြီး သမီးကြီးများနှင့် နှင်ယောက်က အိမ်ထောင်ကျခဲ့ပြီး သမီးငယ်တစ်ယောက်မှာရ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မကျသေးချေ။ မြေးသုံးယောက်ရှိ၏။

အန်တီသိန်းသည် အိမ်ပိုင်ရှိသလို၊ စည်ပင်သာယာဈေးကြီး၌လည်း အထည်ဆိုင်ရှိသည်။

သားကြီး၊ သမီးကြီးများ၏မျက်နှာကို မထောက်၊ အိမ်ကို မမက်၊ ဆိုင်နှင့်လုပ်နင်းကို မမက်၊ သားအကြီးဆုံး၏ သူငယ်ချင်းဖြစ်သူ မောင်မျိုးလင်းနှင့် လိုက်ပြေး၏။

သူမှာ အစ်ကိုကြီးတစ်ယောက် ဘုန်းကြီးဝတ်နှင့် ရှိသည်၊ ထိုအစ်ကိုကြီးကိုပင် သူ ထည့်မတွက်ဘဲ မိုက်မိုက်ကန်းကန်း ပြုလိုက်၏။

မောင်မျိုးလင်းသည် ဆယ်တန်းကျပြီး ကျောင်းဆက်မတက်ဘဲ ဘောလုံးကစား၍ မိဘလုပ်စာ ထိုင်စားနေသူဖြစ်၏။

အန်တီသိန်းနှင့် မောင်မျိုးလင်းတို့သည် မြို့မှ ပြိုင်တူပျောက်သွား၏။ အန်တီသိန်းက သမီးအငယ်ကို စာရေးထားခဲ့ပြီး အသိပေးခဲ့၏။

သူမ အိမ်ထောင်ပြုလိုသဖြင့် အားလုံးကို စွန့်လွှတ်ခဲ့ပါသည်ဟု ရေးခဲ့၏။ အထည်ဆိုင်ကိုလည်း သမီးငယ်ကို ပေးအပ်ခဲ့သည်။

လက်ဝတ်လက်စားနှင့် ငွေငါးသိန်းခန့်ကို ယူပြီး ရှမ်းပြည်နယ်ဘက်ကို မောင်မျိုးလင်းနှင့်အတူ ထွက်ပြေးသွားခဲ့သည်။



ထွက်ပြေးသွားပြီးကတည်းက မြို့သို့ တစ်ခေါက်မှ ပြန်မလာတော့ချေ။ အဆက်အသွယ်လည်း လုံးဝမလုပ်ချေ။

မောင်မျိုးလင်းသာ တစ်ခါတစ်ရံ မိဘများထံ ထိတ်ထိတ်ပုန်း တစ်ရက်တလေ ပြန်လာတတ်သည်ဟု သိရ၏။

အန်တီသိန်းသည် မောင်မျိုးလင်းကို ခင်မင်ရာမှ အနေနီးစပ်ပြီး ချစ်ခဲ့ခြင်းဖြစ်သည်။ မောင်မျိုးလင်းအတွက်ဆို သူသည် အရာရာကို စွန့်လွှတ်ရဲသည်။

ယခင်ကဆိုလျှင် သူမ ကုန်ရောင်းငွေကိုအကြောင်းမဲ့ တစ်ဆယ်အကုန်ခံသူ မဟုတ်။ အလှူအတန်းလည်း မလွှဲသာမှ လှူသူဖြစ်၏။

တကယ်တော့ ဘဝကို ငြိုးငွေ့ရအောင်လည်း သားသမီးများလည်း ရှိ၏။ အလုပ်အကိုင်လည်း ရှိ၏။

အကယ်၍ သူ နောက်အိမ်ထောင်ပြုချင်ပြန်လည်း ရွယ်တူထဲက ရှိပါသည်။ အရာရှိတစ်ဦးကလည်း ကမ်းလှမ်းခဲ့ဖူးသည်။

အန်တီသိန်း၏ အချစ်စွန့်စားခန်းသည် ဒုက္ခပေါင်းစုံနှင့်ဖြစ်၏။ မြို့မှ မောင်မျိုးလင်းနှင့် ထွက်ပြေးပြီးနောက်မှာ စီးပွားရေးသမားတစ်ဦး၏ လိမ်ညာမှုကို ခံရပြီး အရင်းပြုတ်ခဲ့သည်။

လက်ဝတ်ရတနာများကို ရောင်းပြီး အခြားမြို့သို့ ပြောင်းကာ အိမ်ငှားနေခဲ့သည်။

ခေါင်းရွက်ဗျပ်ထိုး ကျရာပေါ်ကုန် သစ်သီးရောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးလင်းကို ရှာကျွေးရသည်။ မောင်မျိုးလင်းက ဘာမှ လက်ကြောတင်းအောင် မလုပ်။

အသက်အရွယ်ကြီးပြီမို့ မောင်မျိုးလင်းနှင့် သားသမီး မထွန်းကားရှေ။

နောက်ဆုံး မြို့တစ်မြို့၌ လေဖြတ်၍ အိပ်ရာထဲလဲနေကြောင်း မောင်မျိုးလင်းက သားသမီးများထံ အကြောင်းကြားခဲ့၏။

သမီးအငယ်က လိုက်ခေါ်သည်။ သို့သော် အန်တီသိန်းကို အသက်ရှင်လျက် ခေါ်မလာနိုင်တော့ချေ။

သူ အသက်မဆုံးခင်မှာ မောင်မျိုးလင်းကိုပါ ဆိုင်နှင့် အိမ်ခြေရာင်း၍ အမွေပေးပါရန် မှာကြားခဲ့၏။

အန်တီသိန်း ချစ်ရမွက်က အသက်ထွက်ခါနီးအထိ ပြင်းထန်လှပါတော့သတည်း။

သူမ၏ အချစ်ကံကြမ္မာဖြစ်ရပ်ဆန်းက အများကဲ့ရဲ့စရာ ဖြစ်ပါတော့၏။



# ပြန်ရဦးမယ် မေရီ

မောင်အောင်နိုင်
နှင့်
မေရီအက်ဖရက်

မောင်အောင်နိုင်က ဘွဲ့ရပြီး လူငယ်တစ်ယောက်ဖြစ်သည်။ သူ့မိဘများက ကုန်သည်ကြီးများဖြစ်၏။ မွေးချင်း သုံးယောက်အနက် အကြီးဆုံးသားတစ်ယောက်ဖြစ်၏။

မောင်အောင်နိုင်က အရပ်ရှည်သည်။ အသားဖြူသည်။ ရုပ်ချောသည်။ စိတ်နူးညံ့သိမ်မွေ့သည်။ စာဖတ်အား ကောင်းလှသဖြင့် အတွေးအခေါ်ကောင်းသည်။ ဗုဒ္ဓဘာသာဝင် ပီပီ နေထိုင်တတ်၏။

မောင်အောင်နိုင် အသက်သုံးဆယ်အရွယ်မှာ ဂျပန်သို့ သွားရောက်၍ အလုပ်လုပ်ကိုင်သည်။ တိုကျိုမြို့အနီးရှိ စာတိခဲ

www.burmeseclassic.com

www.burmeseclassic.com



စက်ရုံတစ်ခုမှာ အလုပ်ရခဲ့၏။

ဂျပန်နိုင်ငံသို့ရောက် အလုပ်ဝင်ပြီး တစ်နှစ်မပြည့်ခင်မှာပင် မေရီအက်ဖရက်နှင့် သူ ရင်းနှီးခဲ့သည်။ မေရီအက်ဖရက်က အသက်နှစ်ဆယ့်ရှစ်နှစ်ရှိပြီး ဖခင်က အမေရိကန်လူမျိုးဖြစ်၍ မိခင်က ဂျပန်ဖြစ်သည်။ မေရီအက်ဖရက်က ကပြားမလေးဖြစ်၏။

သူမသည် မောင်အောင်နိုင်ကဲ့သို့ပင် ဓာတ်ခဲစက်ရုံမှာ အလုပ်လုပ်သူဖြစ်သည်။ သို့သော် ဌာနစိတ်ချင်းတော့ မတူညီကြချေ။

ရင်းနှီးပြီး မကြာခင်မှာ ချစ်သူတွေဘဝသို့ ရောက်ခဲ့ကြ၏။ အလုပ်အားရက်များမှာ အပန်းဖြေစခန်းသို့ အတူ သွားရောက် အနားယူကြသည်။

မေရီအက်ဖရက်မှာ အရုပ်ကလေးတစ်ရုပ်လို လှပချောမောသည်။ ဓာတ်ခဲစက်ရုံမလုပ်ခင်က သူမသည် ကိုယ်ကာယ အလှလေ့ကျင့်နည်းပြဆရာမ လုပ်ခဲ့သေးသည်။

မေရီက မောင်အောင်နိုင်ကို ချစ်သည်။ အသည်းနှင့်အောင်ချစ်သည်ဟု ဆိုသည်။ သို့သော် မောင်အောင်နိုင် အလုပ်အကိုင်နား၍ မြန်မာပြည်သို့ပြန်လျှင်တော့ မြန်မာပြည်သို့ လိုက်မနေနိုင်ကြောင်းပြော၏။

ဂျပန်နိုင်ငံနှင့် သူမ၏မိဘညီအစ်ကိုမောင်နှမများကို မခွဲနိုင်ကြောင်း ပြောပြထား၏။



မောင်အောင်နိုင်ကလည်း ဂျပန်ပြည်မှာ တစ်သက်လုံး မနေနိုင်ကြောင်း ပြောသည်။ ငွေကြေးစီးပွားစုမိလျှင် မြန်မာပြည်ပြန်၍ မိဘများနှင့်နေထိုင်လုပ်ကိုင်မည့်အကြောင်း ပြောပြထား၏။

မေရီက မလိုက်နိုင်။

မောင်အောင်နိုင်က မပြန်ဘဲ မနေနိုင်။

သို့သော် သူတို့နှစ်ယောက်သည် ချစ်သူဘဝကိုတော့ ခံယူထား၏။

ပြဿနာပေါ်လာသည်ကတော့ မေရီမှာ မောင်အောင်နိုင်နှင့်ရသော ရင်သွေးရလာခြင်းဖြစ်၏။

မေရီက ဖွင့်ပြောပြသဖြင့် မောင်အောင်နိုင် သိရသော အခါ ယောကျ်ားပီသစွာပင် မေရီကို တရားရုံး၌လက်ထပ်ခဲ့သည်။ စက်ရုံဝန်ထမ်းအချို့ကို ဖိတ်၍ မင်္ဂလာပွဲအကျဉ်းရုံးပြုလုပ်ခဲ့သည်။

မောင်အောင်နိုင်က လက်ထပ်သော်လည်း မြန်မာပြည်ကို အချိန်တန်လျှင် ပြန်မည့်အကြောင်း မေရီကို ကြိုတင်ပြောပြထားခဲ့သည်။

လက်ထပ်ပြီးနောက်မှာ မောင်အောင်နိုင်က ယခင် အိမ်ငှားနေရာ မနေတော့ဘဲ မေရီတို့မိသားစုအိမ်မှာ လိုက်နေ၏။

သားကလေးဂျွန်ကို မွေးပြီးချိန်၌ မောင်အောင်နိုင်ဂျပန်၌ အလုပ်လုပ်နေသည်မှာ သုံးနှစ်ပြည့်ခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အခံစီအစဉ်အရ နောက် နှစ်နှစ်သာနေရတော့မည်ဖြစ်၏။ ပြည့်လျှင် မြန်မာပြည် ပြန်မည်။

မေရီစိတ်မှာ ရက်တွေ၊ လတွေကို မကုန်စေချင်ပါ။ ဆွဲထားနိုင်က ဆွဲထားချင်သည်။ သို့သော် နောက်နှစ်နှစ်ဆိုသည်က နေရင်းထိုင်ရင်းဖြင့် ကုန်သွားခဲ့သည်။

မေရီ့အပေါ် သံယောဇဉ်၊ သားသံယောဇဉ်ဖြင့် မောင်အောင်နိုင် ဇနောက်ထပ် နှစ်နှစ်ထပ်နေရန် ဆုံးဖြတ်လိုက်သည်။ မေရီဘဝမှာ ထိုစကားကြားသောနေ့သည် အပျော်ရွှင်ဆုံးနေ့ ဖြစ်ခဲ့ရေ၏။

မောင်အောင်နိုင်အတွက် စိတ်လှုပ်ရှားစရာဖြစ်သည်က မြန်မာပြည်မှ မိဘများ၏ စာဖြစ်သည်။

မိခင်ကြီး၏စာက ဖခင်ဖြစ်သူ ကွယ်လွန်ခဲ့ပြီဖြစ်၍ မောင်အောင်နိုင် မြန်မာပြည်ပြန်လာပြီး မိဘများနှင့်အတူ လုပ်ကိုင်စားရန် ဖြစ်သည်။

မောင်အောင်နိုင်က သားအကြီးဆုံးဖြစ်၍ အဘအလုပ်တွေ ဆက်လုပ်ရန် ဆုံးမတိုက်တွန်းထားသည်။

မေရီကို ထိုစာပြပြီး ဆွေးနွေးသည်။ မေရီက ခွင့်ပြုပါသည်။ သို့သော် မြန်မာပြည်သို့ သူ မလိုက်နိုင်ကြောင်း၊ မိဘနှင့် ညီအစ်ကိုမောင်နှမများကို မခွဲနိုင်ကြောင်း၊ သူ့မိဘများလည်း အသက်ကြီးပြီဖြစ်ကြောင်း၊ သူမက အကြီးဆုံးအစ်မဖြစ်၍ တာဝန်



ရှိကြောင်း ပြောပြ၏။

နောက်သုံးနှစ်ခန့်မှာ မြန်မာပြည်သို့ အလည်လာမည်ဖြစ်ကြောင်းပြော၏။ မောင်အောင်နိုင်အနေနှင့် မြန်မာပြည်၌ အိမ်ထောင်ပြုနိုင်ကြောင်းပါ မေရီက မှာလိုက်သည်။

မောင်အောင်နိုင် မြန်မာပြည်ပြန်သောနေ့က လေဆိပ်သို့ မေရီနှင့် သားကလေးလိုက်ပို့၏။

သားနှင့် ဖနီးဓာတ်ပုံကို လေယာဉ်ပေါ်၌ ကြည့်ရင်း မောင်အောင်နိုင် မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းသို့နေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြောင့် ရရှိခဲ့တဲ့ သုခမှာ ဘဝအခြေအနေ ဆင်းရဲတာ ချမ်းသာတာနဲ့ မဆိုင်ဘဲ အဆင်ပြေမှုရှိသလောက် ဖြစ်ရာ ဘဝမှာ ပျော်ရွှင်ကြည်နူးနိုင်တယ်။

(အိုဟင်နရီ)

ဘဝဆိုတာ
အချစ်တစ်ခုတည်းနဲ့
မဖြစ်သေးဘူး



အချစ်သည်
ဆောင်းကိုလည်း မသိ၊
နွေကိုလည်း မသိချေ။

(ဂျာမန်စကားပုံ)

# နောက်တော့ချစ်သွားတဲ့ နီနီမာ

ကိုပေါက်ပေါက်
နှင့်
နီနီမာ

ကိုပေါက်ပေါက်က ရန်ကုန်သား၊ နီနီမာက မန္တလေးသူ။

ကိုပေါက်ပေါက်က ကုန်သည်၊ နီနီမာက စာရေးမ။

ကိုပေါက်ပေါက်က တရုတ်-ဗုဒ္ဓဘာသာ၊ နီနီမာက ဟိန္ဒူဗုဒ္ဓဘာသာ။

တွေ့ကြသည်က ဈေးချိုအဝမှာဖြစ်၏။ ကိုပေါက်ပေါက် နှင့် နီနီမာ တိုက်မိကြ၏။ နီနီမာက ရုံးအတွက် ဝယ်လာသော ကော်ပီခွက်ငါးစုံမှ နှစ်စုံကွဲသွား၏။

ကိုပေါက်ပေါက်က အလျော်ပေးပြီး ပြန်ဝယ်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် အဓိဓအးဆိုင်ထိုင် စကားပြောကြပြီး အသိ မိတ်ဆွေဖွဲ့ခဲ့ကြ၏။

ကိုပေါက်ပေါက်က ရန်ကုန်က မန္တလေးသို့ တစ်လ တစ်ခေါက် သွားတတ်၏။ ကုန်ဝယ်သွားခြင်းဖြစ်သည်။

ကိုပေါက်ပေါက် အာရုံမှာ နီနီမာကိုမြင်ကတည်းက သဘောကျခဲ့သည်။ နီနီမာက ဟိန္ဒူလူမျိုးဖြစ်သော်လည်း အသား ဖြူသည်။ မျက်လုံးလှ၊ နှာတံပေါ်၊ မေးသွယ်၊ နှုတ်ခမ်းလှ၊ မျက်နှာမှာ ငြိမ်းအေး၏။

နောက်တစ်လမန္တလေးသို့ ကုန်ဝယ်အသွားမှာ နီနီမာ့ ရုံးသို့ ကိုပေါက်ပေါက် အလည်သွားသည်။ ရန်ကုန်က မုန့်များလည်း လက်ဆောင်ယူသွား၏။

တစ်လတစ်ခေါက် မှန်မှန်ရောက်၍ နီနီမာရုံးမှ နီနီမာ့ သူငယ်ချင်းများနှင့်ပင် ကိုပေါက်ပေါက် ခင်မင်လာခဲ့၏။

ကိုပေါက်ပေါက်သည် စီးပွားရှာတော်သူဖြစ်၏။ မင်္ဂလာဈေးထဲတွင် ဆိုင်ပိုင်လည်းရှိ၏။ သူ့ညီမများနှင့် ဆိုင်ဖွင့်ထား၏။ ကိုပေါက်ပေါက် ဝင်ငွေမှာ တစ်လ သုံးသိန်းကျော်ရှိသည်။ တစ်ခါ တစ်ရံသည့်ထက်ပင် ပိုသေး၏။

နီနီမာ့ထံသို့ ကိုပေါက်ပေါက် အရောက်များလာသောအခါ ကိုပေါက်ပေါက်တစ်ယောက် မရိုးတော့မှန်း နီနီမာ သိလာ၏။ မျက်လုံးတွေ၊ အပြုံးတွေ၊ စကားတွေ သိသာလာသည်။



အစတော့ ကိုပေါက်ပေါက်လာလျှင် အစားအသောက် လက်ဆောင်ပဲပါသည်။ နောက်တော့ အသုံးအဆောင် အထည်အစတွေပါ ပေးလာ၏။ တန်ဖိုးကြီးသော အဝတ်အထည်များပါ ပေးလာသည်။

တစ်ခေါက်မှာ နီနီမာအိမ်သို့ အလည်သွားခဲ့၏။ နီနီမာ့ အိမ်မှာ တဲအိမ်သေးသေးလေးဖြစ်သဖြင့် ကိုပေါက်ပေါက် စိတ်မကောင်းဖြစ်ခဲ့၏။

နောက်တစ်ခေါက်အရောက်မှာ နီနီမာ့ကို သူက အိမ်ဆောက်ပေးမည့်အကြောင်းပြောသည်။ မဆီမဆိုင်ကြီးမို့ နီနီမာ လက်ခံရမှာ ခက်နေသည်။

ကိုပေါက်ပေါက်က နီနီမာ့မိဘများကို တည့်တိုးကြီး သွားပြောသည်။ ဆယ်သိန်း ဆယ့်ငါးသိန်းအကုန်ခံဆောက်ပေးပါမည်ဟု ပြောသောအခါ နီနီမာ့မိဘများမှာ လိုလည်းလိုချင်၊ လက်ခံရမှာလည်း ဘယ်လိုသဘောမှန်း မသိဖြစ်နေတော့၏။

ကိုပေါက်ပေါက်နှင့် သမီးရည်းစားဖြစ်နေပြီလား၊ ရည်ရွယ်ထားလားဟု မိဘများက နီနီမာ့ကို မေးသည်။

နီနီမာက ဘာမှမဖြစ်သေးကြောင်း ခင်မင်မှုသာ ရှိနေသေးကြောင်း ဖြေခဲ့၏။

နီနီမာမှာ ရည်းစားရှိသည်ကို ကိုပေါက်ပေါက် သိ
ချေ။ နီနီမာ့ရည်းစားမှာ ဈေးချိုအနီးက ပွဲရုံတစ်ခုမှ ပွဲရုံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

နီနီမာက အကြောင်းစုံကို သူ့မိဘများအား ဖွင့်ပြောပြ၏။

မိဘများက ကိုပေါက်ပေါက်နှင့်သဘောတူချင်သည်။ သို့သော် သမီးဆန္ဒအမှန်ကိုသာ ဖြစ်စေချင်၏။ သူတို့ သည်သမီးက ရှာဖွေကျွေးမွေးနေသည်ဖြစ်၏။

နီနီမာ စဉ်းစားရခက်လာ၏။ ကိုပေါက်ပေါက်က သူ့ကို သနားချစ် ချစ်သကဲ့သို့ ကိုပေါက်ပေါက်ကိုလည်း သနားပြီး သံယောဇဉ်ဖြစ်လာသလို ဖြစ်လာခဲ့၏။ သုံးနှစ်သုံးမိုးချစ်ခဲ့သော ရည်းစားကိုလည်း မပြတ်နိုင်။

ကိုပေါက်ပေါက်က အိမ်ပြင်မဆောက်ဘဲ ရပ်ကွက်တစ်ခုမှ တိုက်ခန်းတစ်ခန်းကို သိန်းလေးဆယ်နှင့် ဝယ်ပေးမည်ဟု ပြောလာတော့ မိဘများရော၊ နီနီမာပါ လက်ခံလိုက်တော့၏။ တိုက်ခန်းသို့ ပြောင်းသောနေ့မှာ သူ့အချစ်ကို ယုံပြီလားဟု ကိုပေါက်ပေါက်က နီနီမာ့ကို ဖွင့်မေးပါသည်။

နီနီမာ ခေါင်းညိတ်လိုက်မိ၏။

ကိုပေါက်ပေါက်ကိုပဲ လက်ထပ်ယူတော့မည်ဟု နီနီမာ ဆုံးဖြတ်ခဲ့သည်။

သို့သော် ရည်းစားကိစ္စကို နီနီမာက ကိုပေါက်ပေါက်ကို ဖွင့်ပြောပြသည်။



ကိုပေါက်ပေါက်က နီနီမာ့ရည်းစားကို သွားတွေ့၏။ နီနီမာနှင့် အဆက်အသွယ်ဖြတ်ပါက ငွေ ဆယ်သိန်းလျော်ကြေး အနေဖြင့် ပေးပါမည်ဟုဆိုသည်။ ဤလောက၌ တစ်ခါမျှ မကြားဘူးသောအဖြစ်မျိုးဖြစ်သည်။

နီနီမာ၏ရည်းစားကလည်း နီနီမာ ကောင်းစားရေးအတွက် သူ နောက်ဆုတ်ပေးပါမည်ဟု ကတိပြုလိုက်၏။

ငွေနှင့်ပေါက်၍ ချစ်သော ကိုပေါက်ပေါက်အချစ်ကလည်း ဇာတ်လမ်းမှတ်တမ်းရေးစရာဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကခိုင်းရင်
သေမင်းကိုလည်း မကြောက်ဘူး
စွန့်စားချင်ကြတယ် စွန့်စားရဲကြတယ်။
အချစ်ရဲ့တိုက်တွန်းလှုံ့ဆော်မှုထက်
(ကြီးမားတဲ့ လှုံ့ဆော်မှု) မရှိတော့ဘူး။

(ပရောဖက်ဆာ-ဂျိမ်းစ်)

အချစ်သည် . . .
မသွားရမည့်နေရာကို
တွားရှဲ့သွားပေမည်။

(အင်္ဂလိပ်စကားပုံ)

အမိ . . .
အချစ်ဆုံးအရာသည်
မျောက်ပင်ဖြစ်နေပါစေ . . .
သင်အချစ်ဆုံးအရာပင်ဖြစ်၏။

(အီဂျစ်စကားပုံ)

# အသေမဦးစီ ညကျော်ဦးအောင်

ဦးလေးထူး
နှင့်
ဒေါ်ဒေါ်ငြိမ်း

ဦးလေးထူးက အသက်ခြောက်ဆယ်ပြည့်ပြီးပြီဖြစ်၏။ အလုပ်က အသက်ပြည့်ပင်စင်ယူပြီးနောက် ဘုရားကြီးမှာ နိဗ္ဗာန်ဆော်ဝင်လုပ်၏။ မြောက်ဘက်မုခ် ဆင်းတုတော်ကြီးအနီး၌ ဘောက်ချာစာရင်းစာအုပ်၊ ကြေးစည်တစ်လုံး၊ ခုံပုလေးတစ်လုံး၊ ဖျာကြမ်းတစ်ချပ်နှင့် ထိုင်သည်။

ဦးလေးထူးက စေတနာဖြင့် လုပ်ခြင်းဖြစ်သည်။ သူမှာ အိုးစာ အပြည့်အစုံရှိသည်။ သားသမီးများလည်း နေရာတကျ အခြေတင်းသည်။ ဇနီးသည်ကတော့ ကွယ်လွန်ခဲ့သည်မှာကြာပြီဖြစ်၏။

ဦးလေးထူးက နိဗ္ဗာန်ဆော်အလုပ်ကိုလုပ်ရင်းက ဇိပဿနာကို ရှုမှတ်၏။ တရားစာအုပ်များလည်း ဖတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖလေးထူး မကြာခဏပြောတတ်သည်မှာ "အသေမဦး မီ ဉာဏ်ဦးရေး" ဖြစ်၏။

ထိုစကားကို နေ့တိုင်းမှာ စကားဆုံသူတိုင်းနှင့် ပြောတတ်သည်၊ အလှူငွေထည့်၍ ဆုပေးထဲမှာလည်း ထိုစကားပါ၏။

ဦးဖလေးထူးက အသားဖြူ၏။ ရုပ်ရည်က ကြည်လင်၏။ ယောဂီဝတ်စုံနှင့် ဦးလေးထူးရုပ်ရည်မှာ ရှင်းနေ၏၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ မှန်မှန်ရိတ်၍ အသက်ခြောက်ဆယ်ကျော်ဟု ပင် ထင်စရာမရှိချေ။

ဦးလေးထူးမှာ စိတ်သဘောထားကောင်းပြီး ကြင်နာတတ်သူဖြစ်၍ မကြာခဏ ဘုရားဖူးလာသူများမှာ ဦးဖလေးထူးနှင့် မျက်မှန်းတန်းမိပြီး ခင်မင်ခဲ့နေကြသည်၊

ဦးဖလေးထူးသည် ဘွဲ့ရပညာတတ်၊ အရာရှိဖြစ်ခဲ့ဖူးပြီး မြန်မာပြည်အနယ်နယ်အရပ်ရပ် ရောက်ဖူးသဖြင့် ဗဟုသုတလည်း နှံ့စပ်၏။

ဦးလေးထူးနှင့် လက်ဖက်ရည်ကြမ်းဝိုင်းထိုင်လျှင် ပညာရပါသည်။

ဒေါ်ဒေါ်ငြိမ်းက အငြိမ်းစားအလယ်တန်းကျောင်းအုပ်ဆရာမကြီးဖြစ်သည်။ အိမ်ထောင်မရှိသော အပျိုကြီးလည်း ဖြစ်၏။ အသက်ငါးဆယ်ကျော်ခဲ့ပြီ။

မွေးချင်းနှစ်ယောက်သာရှိ၍ အစ်ကိုဖြစ်သူက အင်္ဂလန်



မှာ သွားရောက်လုပ်ကိုင်နေထိုင်သည်။

ဒေါ်ဒေါ်ငြိမ်းက ညီမဝမ်းကွဲများနှင့်အတူနေသည်၊ ညီမဝမ်းကွဲများ၏ စီးပွားရေးလုပ်ငန်းမှာ သူက အရင်းအနှီးငါးဆယ်ရာခိုင်နှုန်း ပါဝင်သည်။

ဒေါ်ဒေါ်ငြိမ်းက အသားညိုသည်။ မျက်နှာက အမြဲတမ်းလို တည်ငြိမ်နေသည်။ ဘာသာရေးကိုင်းရှိုင်းပြီး သူ့မွေးနှာစ်နေ့များတိုင်း ဘုရားလာသည်၊ ဥပုသ်ရက်ဆိုလျှင်လည်း ဘုရားဆောင်းတန်းမှာ တစ်နေကုန်၏။ သူမ အလှူငွေထည့်တိုင်း ဦးလေးထူး ဆုတောင်းပေးသည်ကို စိတ်မှ ကြည်နူးလှ၏။

တစ်ရက်မှာ တန်ဆောင်းအတွင်း ဒေါ်ဒေါ်ငြိမ်း ပိုက်ဆံအိတ်ကျန်ခဲ့၏။ တရားထိုင်ပြီး ပြန်အထမှာ မေ့ကျန်ခဲ့ခြင်းဖြစ်၏။ ထိုနေ့က တစ်ယောက်တည်းမဟုတ်ဘဲ တူမ၏သားလေးကို ခေါ်လာမိသဖြင့် စိတ်မဖြောင့်ချေ။ ကလေးအတွက် စိတ်စေတနာဖြင့် ပိုက်ဆံအိတ်မေ့သွား၏။

ဒေါ်ဒေါ်ငြိမ်းပိုက်ဆံအိတ်ကို ဦးလေးထူးက အမွှေးတိုင်မီး ထွန်းရင်း တွေ့ခဲ့၏။

ထိုနေရာမှာထိုင်သွားသူမှာ လာနေကျအမျိုးသမီးကြီးမှန်း သူသိ၍ သိမ်းထား၏။ ငွေက သိပ်မများပါ။ လက်ကိုင်ပဝါနှင့်ငွေက နှစ်ရာကျပ်သာရှိသည်။

သို့သော် ဓာတ်လက်စွပ်ကလေးတစ်ကွင်းကို စေ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ထုပ်လျှက်တွေ့သည်။

ငါးရက်ကြာပြီးမှ ဒေါ်ဒေါ်ငြိမ်း ဘုရားကြီးသို့ရောက်လာ၏။ ထိုနေ့က ဥပုသ်နေ့ဖြစ်၏။

ဦးလေးထူးက ဒေါ်ဒေါ်ငြိမ်းအား ပိုက်ဆံအိတ်ပြ၍ မေး၏။ ဒေါ်ဒေါ်ငြိမ်းက သူ့ပိုက်ဆံအိတ်မှန်ကြောင်း ဖြေသည်။ ထိုနေ့က ဘုရားမှာကျန်ခဲ့သည်ဟု သူ မထင်ခဲ့ချေ။

ဒေါ်ဒေါ်ငြိမ်းက ဝမ်းသာကြည်နူးစွာ ဦးလေးထူးကို ကျေးဇူးတင်စကား ပြော၏။ သူ၏ဓာတ်လက်စွပ်ပြန်ရသဖြင့် စိတ်မှာ အလွန်ကြည်နူးရပါကြောင်း ပြော၏။

ထို့နောက် . . .

ထို့နောက် . . . ရက်များမှာ ဦးလေးထူးနှင့် ဒေါ်ဒေါ်ငြိမ်း မကြာခဏ စကားဆွေးနွေးဖြစ်ကြသည်။ တရားစာအုပ်တွေ လဲလှယ်ဖတ်ကြ၏။ ဒေါ်ဒေါ်ငြိမ်း ယူလာသော လက်ဖက်သုပ်ကို ဦးလေးထူး ခံတွင်းတွေ့လှ၏။

ဦးလေးထူး၏ "အသေမဦးမီ ဉာဏ်ဦးအောင်လုပ်ရမယ်" ဆိုသော တရားစကားကို ဒေါ်ဒေါ်ငြိမ်း မကြာခဏ ကြားယောင်နေ၏။

သိကျွမ်းကြပြီး တစ်နှစ်ကျော်အကြာမှာတော့ ဦးလေးထူးနှင့် ဒေါ်ဒေါ်ငြိမ်းတို့ ဘုရားကြီးနောက်ဘက်က ရပ်ကွက်မှာ အိမ်တစ်လုံးဝယ်၍ အတူနေကြလေတော့သတည်း။

# အချစ်သူ့ရဲကောင်း

ရဲထွန်းကျော်

နှင့်

ဖြူပြာစန်းပွင့်

မောင်ရဲထွန်းကျော်၏ မိဘများမှာ ရွာမှနေ၍ မြောင်းမြမြို့ပေါ်သို့တက်ခဲ့ကြသည်။ တက်ခဲ့သည့်အကြောင်းရင်းက သားသမီးနှစ်ယောက် ပညာရေးအတွက် ဖြစ်၏။ ရဲထွန်းကျော်မှာ ညီမလေးတစ်ယောက်ရှိခဲ့သည်။

ရွာမှာ စတုတ္ထတန်းအောင်မြင်ခဲ့သော ရဲထွန်းကျော်တို့ မြောင်းမြရောက်တော့ အလယ်တန်းကျောင်း ဆက်၍ထားခဲ့၏။

ဖခင်ဖြစ်သူက ရောက်စမှာ ပန်းထမ်းအလုပ်သဘော မိခင်က ထမင်းဆိုင်မှာ အလုပ်လုပ်ခဲ့၏။

ထို့နောက်မှာ ဖခင်ဆိုက်ကား စပေါ်တင်စရာရှိ၍ ဆိုက်ကားနင်းခဲ့၏။ မိခင်က အကြော်စုံကို ဖောက်သည့်သူ ရောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။

ရဲထွန်းကျော်သည် တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ပြီး ဆယ်တန်း၌ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏။

ရဲထွန်းကျော်မှာ ဖြူပြာစန်းပွင့်ဆိုသော မိန်းကလေးနှင့် သံယောဇဉ်ရှိခဲ့၏။ နွေရာသီကျောင်းပိတ်ရက် တစ်ရက်မှာ ကြက်ခြေနီသင်တန်းတစ်ခု တက်ရင်း သံယောဇဉ်တွယ်မိခြင်းဖြစ်၏။

ဖြူပြာစန်းပွင့်ကလည်း ဆယ်တန်းကို ရိုးရိုးအောင်မြင်ခဲ့၏။ နောက်နှစ် တက္ကသိုလ်ဆက်တက်ရန်လည်း စိုင်းပြင်းနေသည်။

ရဲထွန်းကျော်မှာ မိဘစီးပွားရေးကြောင့် တက္ကသိုလ်ဆက်တက်ရန် မဖြစ်ချေ။ ဖခင်ကလည်း ယခင်လို ကျန်းမာရေးမကောင်းတော့၊ ထို့ပြင် ညီမလေးကလည်း ဆယ်တန်းကျောင်းသူ ဘဝသို့ ရောက်ခဲ့ပြီဖြစ်၏။

ရဲထွန်းကျော်ကို ဖြူပြာစန်းပွင့်က ခင်ပါသည်၊ ခင်ရုံမက သံယောဇဉ်လည်းရှိ၏။ တိတ်တခိုးချစ်နေမိ၏။

နှစ်ချစ်စရာကောင်းသော၊ ကြင်နာယဉ်ကျေးသော ဖြူပြာစန်းပွင့်ကို ရဲထွန်းကျော်ကလည်း မြတ်နိုးမိပါသည်။

ဖြူပြာစန်းပွင့်မိဘများမှာ ချမ်းသာသည်၊ လယ်ပိုင်တွေလည်း ရှိသည်၊ တစ်ထပ်သစ်အိမ်လည်း ပိုင်သည်၊ အစုရှယ်ယာဝင်ထားသော လုပ်ငန်းများလည်း ရှိသည်။



ရဲထွန်းကျော်နှင့် ဖြူပြာစန်းပွင့် ခင်မင်သံယောဇဉ်ကြီးကြသည်ကို ဖြူပြာစန်းပွင့်မိဘများက မကြိုက်ကြချေ။ မသိမသာလည်း သမီးကို ပြော၏၊ သိသိသာသာလည်း ပြော၏။

မိခင်ဖြစ်သူကဆိုလျှင် ဆိုက်ကားသမားသားနဲ့ ညည်းကို ဘယ်လိုမှ မပေးစားနိုင်ဘူးဟု ဖြောင်းဖြောင်းပြောခဲ့၏။

ဖြူပြာစန်းပွင့်က သူ့မိဘများ ဘယ်သို့ပြော်သော်လည်း ရဲထွန်းကျော်ကို ခင်မင်သံယောဇဉ်ကြီး၏။ ချစ်သူအဖြစ်လည်း သတ်မှတ်၏။

ရဲထွန်းကျော်ကသာ နိုးပြေးလျှင် လိုက်ပြေးရန်အဆင်သင့်ဖြစ်သည်။

ဖြူပြာစန်းပွင့်မိဘများက သူ့အားလုံးဝလက်မခံသည်ကို ရဲထွန်းကျော် သိ၏။ အမူအရာနှင့်ရော စကားနှင့်ပါ သိခဲ့၏။

ဆယ်တန်းအောင်ပြီးသည့်နှစ်မှာပင် ရဲထွန်းကျော်တရန်ကုန်မြို့သို့ အလုပ်လုပ်ရန် တက်ခဲ့၏။

သူငယ်ချင်းတစ်ဦး၏ ဖခင်အကူအညီဖြင့် ရန်ကုန်မြို့၌ အလုပ်ရခဲ့သည်။ ပုဂ္ဂလိကပိုင် ခေါင်းလိမ်းဆီလုပ်ငန်းစက်ရုံမှာဖြစ်၏။

ရဲထွန်းကျော်က ဖြူပြာစန်းပွင့်ကို သူ့အား ဆယ်နှစ်အချိန်ပေးပါရန် မှာခဲ့၏၊ စီးပွားရေးကို ကြိုးစားမည်၊ လူတစ်လုံးသူတစ်လုံးဖြစ်လာမှ လက်ထပ်ယူမည်ဟု ကတိပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တနင့်ပဲ ဆက်သွယ်ကြမည်ဟု ဆုံးဖြတ်ကြသည်။

ရဲထွန်းကျော်သည် ရန်ကုန်၌ အလုပ်ကိုကြိုးစားခဲ့၏။ ရှိုးရှိုး စာရေးဘ၀မှ သုံးနှစ်အတွင်း စက်ရုံအုပ်ချုပ်သူဖြစ်ခဲ့၏။

မြောင်းမြမြို့မှ မိဘများထံ ငွေပို့သည်။ မြို့သို့တစ်နှစ် တစ်ကြိမ်သာ ပြန်ခဲ့သည်။ ဖြူပြာစန်းပွင့်နှင့်လည်း တစ်နှစ် တစ်ကြိမ်သာ တွေ့၏။ စာတော့ အဆက်အသွယ်မပြတ်ချေ။

ရန်ကုန်မှာ အလုပ်လုပ်ရင်း ရဲထွန်းကျော် စဉ်းစားမိ၏။ ဤသို့ လစာစားလုပ်ရင်းဖြင့် တိုးတက်မှုမှာ လိုချင်သလိုရလာမည် မဟုတ်။ မိမိ ယခုတတ်ပြီးဖြစ်သော ခေါင်းလိမ်းဆီလုပ်နည်းပညာဖြင့် မိမိကိုယ်တိုင် တစ်မျိုးထုတ်လျှင် ကြီးပွားနိုင်သည်ကို သူ တွေးမိခဲ့၏။ ယခု လုပ်နေသော လုပ်ငန်းမှ ချို့ယွင်းချက်များကိုလည်း သူ သိနေပြီဖြစ်၏။

သို့သော် သူ စုဆောင်းထားမိပြီးဖြစ်သော ငွေအရင်း အနီးနှင့်တော့ မလုပ်နိုင်ချေ။ သူ့ကို အလုပ်သွင်းပေးခဲ့သော သူငယ်ချင်း၏ဖခင်ကို ဖွင့်တိုင်ပင်ခဲ့၏။ သူငယ်ချင်း၏ဖခင်က စိတ်ဝင်စား၏။ ရဲထွန်းကျော်၏လုပ်ငန်းပညာနှင့် စိတ်ဓာတ်ကိုလည်း သူ ယုံကြည်သည်။

ရဲထွန်းကျော် ကံကောင်းသွားသည်က သူငယ်ချင်း၏ဖခင်က သူပိုင် မြို့လယ်ရှိတိုက်ခန်းတစ်ခန်းကို ရောင်း၍ အရင်းထုတ်ပေးလိုက်ခြင်းဖြစ်၏။ သူ့သားနှင့်အတူ ရဲထွန်းကျော်ကို



အလုပ်လုပ်စေ၏။

ရဲထွန်းကျော်မှာ မိဘများနှင့်ဖြူပြာစန်းပွင့်တို့ လွမ်းတိုင်း အလုပ်တို့ ပို၍ကြိုးစား၏။ အိပ်ချိန်ကိုပင် အနည်းငယ်သာ ထားခဲ့၏။

စဉ်ဆက်ကျများ ပြည့်သောလားသို့ များ၏နည်းထုံး မှတ်ကျင့်သုံးခဲ့၏။

လုပ်ငန်းက အောင်မြင်သဖြင့် အမြတ်ငွေတစ်ဝက်ကို ခြောက်လတစ်ကြိမ် ရဲထွန်းကျော် ထုတ်ယူနိုင်ခဲ့၏။

ဆယ်သိန်းမှ သိန်းနှစ်ဆယ်၊ သိန်းနှစ်တယ်မှ သိန်းလေးဆယ်။ ထို့နောက်တော့ နှစ်နှစ်အတွင်း သိန်းတွေရာကျော်လာ၏။

မြောင်းမြမှ မိဘများကိုလည်း တစ်ထပ်တိုက်ကလေး တစ်လုံး ဆောက်ပေးခဲ့ပြီးပြီ။

ဖြူပြာစန်းပွင့်က ရဲထွန်းကျော်ကို ရန်ကုန်သို့ အခွင့်ရလျှင် လာ၍ တွေ့တတ်၏။ တစ်နှစ်လျှင် နှစ်ကြိမ်မျှ တွေ့ဖြစ်ကြသည်။

ဖြူပြာစန်းပွင့် မိဘများမှာ ချမ်းသာရာမှ အခြေအနေ ပြောင်းခဲ့၏။ ယခင်ကလောက် အဆင်မပြေတော့။ ဖြူပြာစန်းပွင့် ဖခင်က တရားမဝင်လောင်းကစားတွေ လုပ်ရင်း တစ်ထပ်သောကိုပင် ပေါင်ထားရသောအခြေသို့ ရောက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲထွန်းကျော် ကတိပေးခဲ့သော ဆယ်နှစ်မှ နောက် သုံးနှစ်ကျော်ခဲ့သည့်အချိန်မှာ ဖြူပြာစန်းပွင့်ကို မိသားဖသားပီပီ တောင်းယူသည်။

လုပ်ငန်းရှင်ကြီး၊ ကုန်သည်ကြီး ဦးရဲထွန်းကျော်ကို ဖြူပြာစန်းပွင့်မိဘများ မငြင်းကြတော့ချေ။

ရဲထွန်းကျော်က မင်္ဂလာဆောင်ကို ခမ်းနားစွာကျင်းပ၍ မျှမကာ ယောက္ခမများ ပေါင်ထားသော သင်္ဘောကိုပင် ရွေးပေး လိုက်လေသတည်း။



သုတေသီ ဘုန်းမြင့်သွေး